
စိတ်ကူးချိုချိုအနုပညာ

# ပီ-မိုးနင်း

# တစ်ကိုယ်တော်

ဝတ္ထုကြီး



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# ပီ–မိုးနင်း
# တစ်ကိုယ်တော်
ဝတ္ထုကြီး

မျက်နှာဖုံးပန်းချီ - အောင်ကျော်

pmn0054
2,000.00 KS

mgyoe.com

တစ်ကိုယ်တော်ဝတ္ထုကြီး။ ပီ-မိုးနှင်း
စာမျက်နှာ ၁၉၉ မျက်နှာ၊ ၁၆ စင်တီ × ၁၈.၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ စက်တင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
ရန်ကုန်ပီ-မိုးနှင်းစာအုပ်တိုက်၏ မူ၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# တစ်ကိုယ်တော်
# ဝတ္ထုကြီး
# ပီ–မိုးနှင်း

မြန်နန်းလာဥပ်ရှိကော်နှိမ်ခြင်း၊ ၂၀၁၇၊

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## ဆရာကြီးပီမိုးနင်း အနိစ္စရောက်ခြင်း

မြန်မာ့အလင်းသတင်းစာ၌၊ ၁၃၀၁–ခု၊ နတ်တော်လဆုတ် (၁၄) ရက်(၈–၁–၄၀)တနင်္လာနေ့–စာမျက်နှာ ၁၂–တွင် ဖတ်ရှုရသော သတင်း။

**သင်္ဂြိုဟ်ရေး စာရေးဆရာများ စိုင်းပြင်းနေခြင်း**

မြန်မာ့အလင်းသတင်းစာ၌၊ လေပွေအခန်းကိုရေးသားနေသော ဆရာပီမိုးနင်းသည် လွန်ခဲ့သောစနေနေ့ (၆–၁–၄၀) ရက်နေ့–နံနက် (၉) နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်ရှာပြီ ဖြစ်ကြောင်း။ ဆေးရုံကြီးသို့ ဆရာပီမိုးနင်းသည် ခြေကျိုးသဖြင့် ကုသရန် တက်ရောက်နေရာ ဆီးချိုရောဂါရှိသူဖြစ်ရာ ခြေကို ရုတ်တရက် ဆက်၍ မရဘဲ၊ နောက်ဆုံး ရိုးတွင်းခြင်ဆီလိုက်ပြီး သေဆုံးသွားရခြင်းဖြစ်ကြောင်း။

mgyoe.com

mgyoe.com



**ခြေကျိုးရပုံ**

ဆရာပီမိုးနင်း ခြေကျိုးရခြင်းမှာ သတင်းစာ၌ ယခင်က ဖော်ပြခဲ့ပြီးသည့်အတိုင်း စစ်ပုလိပ်တပ်မှ ကုလားစစ်ပုလိပ်တစ်ယောက် စက်ဘီးနှင့် ဝင်တိုက် လဲပြိုရာမှ ပြီးခဲ့သောအမျိုးသားနေ့တွင် မြန်မာ့အလင်းတိုက်ရှင်များ၊ အလုပ်တိုက်သားများနှင့် အလုပ်ချင်း ဆက်သွယ်သူများအား ငွေအလှူပေးကမ်းချီးမြှင့်ရာသို့ ဆရာပီမိုးနင်းသည်လည်း ကိုယ်တိုင်လာယူရန် တိုက်သို့ကြွလာခဲ့ကြောင်း။ နောက် ပန်းခြံဘက် ဆင်းသွားစဉ် စက်ဘီးနှင့်တိုက်မိ ခြေကျိုးသွား၍ အမျိုးသား သူနာပြုတပ်သားများက ဆေးရုံကြီးသို့ ပို့လိုက်ကြကြောင်း။

**မိုးနင်းဟုခေါ်ပုံ**

ဆရာကြီးပီမိုးနင်းသည် အသက် (၅၆) နှစ်ရှိပြီဖြစ်ကြောင်း၊ သုံးဆယ်မြို့နယ် ရွာမ၌ မွေးဖွားစဉ်က မိုးနှင်းများသည် အလွန်ထူထပ်စွာ ကျဆင်းနေခြင်းကိုအစွဲပြုလျက် မိဘများက (မိုးနှင်း)ဟု ငယ်နာမည်ပေးခဲ့ရာ၊ ကာလရွေ့လျား၍ ယခု(မိုးနင်း) ဖြစ်လာရတော့သည်ဆိုကြောင်း။ သို့ရာတွင် ဇာတာဖွဲ့ရာ၌ (မောင်ကျော်ညွန့်)ဟု ပါရှိကြောင်း။

ဆရာပီမိုးနင်းသည် အသက် (၂၀) မှာ ရဟန်းခံခဲ့သေးကြောင်း၊ နောက် လူဝတ်လဲ၍ အသက် (၂၅) နှစ်တွင် အိမ်ထောင်ပြုခဲ့ကြောင်း၊ ယခု သားသမီးသုံးယောက်နှင့် (နောက်အိမ်ထောင်) ဇနီး ကျန်ရစ်ကြောင်း၊ ထို့နောက် သတင်းစာနယ်သို့ ကူးပြောင်းဝင်ရောက်ပြီးလျှင် မြန်မာ့အလင်း၊ ပညာအလင်း သတင်းစာများ၌ ပိုက်ဆံကြီး အမည်ခံ၍ ရေသားသေးကြောင်း။ ထို့နောက် ရန်ကုန်မြို့ ဘက်ပလက် အင်္ဂလိပ်ကျောင်း၌ ဆရာလုပ်ရာ ဘုရင်ဂျီဘာသာဝင်ပြီး ဖီးလစ်–အမည်ကို

mgyoe.com

mgyoe.com



ယူကြောင်း၊ ၎င်းကိုအစွဲပြု၍ ယခုတိုင် ပီမိုးနင်းဟု ခေါ်ဝေါ်နေကြကြောင်း။

### ကျောင်းသုံးစာအုပ်

ဆရာပီမိုးနင်းသည် စာအုပ်ပေါင်းများစွာရေးသားခဲ့သူဖြစ်၍၊ သူ့ရဲကောင်းသုံးယောက်ဆိုသောစာအုပ်မှာ ယခု အစိုးရကျောင်းသုံးစာအုပ်တစ်အုပ် ဖြစ်နေကြောင်း။

### သင်္ဂြိုဟ်ရေး

မြန်မာပြည်၌ ထင်ရှားသောကလောင်ရှင်တစ်ဦးဖြစ်သူ ဆရာပီမိုးနင်းသည် ယခုကဲ့သို့ ဆေးရုံကြီး၌ ဆင်းဆင်းရဲရဲ အနိစ္စရောက်သောအခါ ကြားရသူတိုင်း ဝမ်းနည်းကြေကွဲခြင်းဖြစ်ရတော့ကြောင်း၊ သို့အတွက် မြန်မာပြည်ရှိ စာ–နယ်–ဇင်းအတွင်းရှိ ကလောင်ရှင်များသည် ဆရာပီမိုးနင်း၏ ဈာပနကိစ္စအတွက် သိုက်သိုက်မြိုက်မြိုက်ဖြစ်စေရန် လုံးပန်း စိုင်းပြင်းလျက်ရှိကြောင်း။

ယခုအခါ ဆရာပီမိုးနင်း၏အလောင်းသည် ဆေးရုံကြီး ရင်ခွဲရုံ၌ပင် ရှိ၍ တနင်္လာနေ့တွင် ထုတ်ယူခွင့်ရလိမ့်မည်ဟု ထင်ရကြောင်း၊ စက်ဘီးတိုက်မှုမှာလည်း တန်းလန်းရှိသေး၍ အလောင်းကို စစ်ဆေးရန် ထိန်းသိမ်းထားရသည်ဆိုကြောင်း။

■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မူလထုတ်ဝေသူ၏ အမှာ

## တစ်ကိုယ်တော်

ဤတစ်ကိုယ်တော်ဝတ္ထုကြီးသည် ယခုခေတ်လူထုအတွက် ရေးသားခဲ့ခြင်းဖြစ်သည်ဟုဆိုက မမှားနိုင်ပေ။ ထိုအကြောင်းဖြင့်လည်း လွန်ခဲ့သော နှစ်ဆယ့်ငါးနှစ်ကျော်မှ ဤတစ်ကိုယ်တော်ဝတ္ထုကြီးကို ကျွန်ုပ်တို့ ပြန်လည်ရိုက်နှိပ် ထုတ်ဝေလိုက်ခြင်းပင်ဖြစ်ပါကြောင်း။

ဆရာကြီးပီမိုးနင်း၏ ဤတစ်ကိုယ်တော်ဝတ္ထုကြီးကို ပီမိုးနင်းစာအုပ်တိုက်မှ ထုတ်ဝေလိုက်ခြင်းအားဖြင့် ပီမိုးနင်းရေးသားခဲ့သော စာမူကို အစဉ်အမြဲဖတ်ရှုရတော့မည်ဟု မျှော်လင့်က မလွဲနိုင်တော့ပေ။

ဆရာကြီးပီမိုးနင်းရေးသားခဲ့သော ကျမ်းပေါင်းများစွာတို့ အနက်မှ၊ ကျမ်း (၃) စောင်အနည်းဆုံးပေါင်း၍ စာအုပ်တစ်အုပ်အဖြစ် ရိုက်နှိပ်ကာ တစ်ကြိမ်ကျစီ ထုတ်ဝေရောင်းချနိုင်ရန်လည်း စီစဉ်ထားပါကြောင်း။

## ပြတိုက်

ဆရာကြီးပီမိုးနင်း၏ စာမူများရိုက်နှိပ်ရောင်းချ၍ရသော အမြတ်ငွေများကို စုဆောင်းကာ ဆရာကြီး၏ရုပ်ပုံနှင့် ကျွန်ုပ်တို့ တိုက်မှ ရိုက်သော စာအုပ်များပြည့်စုံသောအခါ ပြတိုက်တစ်ခု ဖြစ်မြောက်အောင် ဆောက်လုပ်၍ ထားနိုင်ရန် ရည်ရွယ်ပြီး ဖြစ်ပါကြောင်း။ ။

ထုတ်ဝေသူ

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း (၁)

စက်ရှင်၏ရှေ့တွင် ခုံညားတင့်တယ်စွာဝတ်ဆင်လျက် ရပ်၍ရှိသော ယောကျ်ားပျိုကလေးသည် လက်ပိုက်ကာ မည်သူ့ကိုမျှ မကြည့်ဘဲ ခေါင်းငုံ့၍နေလေ၏။ ၎င်းသည် အသက်အရွယ် အစိတ်ခန့်ရှိလေ၏။ ကျော်စောထင်ရှားသော လူသတ်မှုကြီးသည် တစ်နိုင်ငံလုံးထင်ရှားကျော်စောခြင်းသို့ရောက်သောကြောင့် စီရင်ချက်ချအံ့သော ထိုနေ့၌ ပရိသတ်တို့သည် ရုံးတော်တွင် ပြည့်နှက်၍နေကြလေသတည်း။ ၎င်းတရားခံ၏ ခုံညားတည်ကြည် ယောကျ်ားပီသသော မျက်နှာသည် ဤမျှလောက်ဆိုးယုတ်သောအမှုကို ပြုနိုင်ဖွယ်မရှိချေ။ သို့ပင် မှန်လင့်ကစား ပြစ်မှုမှာလွန်စွာထင်ရှား၍နေသောကြောင့် ကြည့်ရှုသမျှသော ပရိသတ်တို့၏စိတ်၌ ကြီးစွာသောအံ့သြခြင်းဖြစ်လေ၏။ တရားခံယောကျ်ားပျိုသည်ကား ဤနေရာသို့ ငါ့ကို မတရားပို့ကြ၏ဟု တွေးတောကာ မျက်မာန်ရှ၍နေသော အခြင်းရှိလေ၏။ သို့သော်လည်း ပရိသတ်တို့က ၎င်းအပေါ်၌ ပိုမို၍ မျက်မာန်

mgyoe.com

mgyoe.com


ထားလေ၏။ အကြောင်းမူကား အသတ်ခံရသူသည် မျိုးချစ်ပုဂ္ဂိုလ် ခေါင်းဆောင်လူကြီး ဦးထွန်းသိန်းဖြစ်လေ၏။

အစိုးရရှေ့နေသည် လွယ်ကူထင်ရှားသောအမှုကြီး၌ ဝမ်းနည်းသောအမူအရာဖြင့် မိမိ၏တာဝန်ကိုဆောင်ကာ တရားခံကို မလွတ်သာအောင် မိမိ၏လဲဆိုခြင်းဆင်ခြေပိုက်ကွန်တို့ဖြင့် အစွမ်းကုန် ရစ်ပတ်ဖမ်းအုပ်၍ ထားလေ၏။ တရားခံ၏ဝတ်လုံသည်ကား စိတ်အားငယ်ငယ်နှင့် လဲလျှောက်ရရှာလေ၏။ ၎င်း၏ဆင်ခြေတို့မှာ အောက်ပါအတိုင်း ဖြစ်လေသည်။

ထိုယောက်ျားပျိုမောင်သာခုသည် ဘီ–အေ အောင်မြင်၍ ဘီ–အယ်လ်စာမေးပွဲကို နောက်ဆုံးတစ်နှစ်မျှသာ ဝင်ရောက်ဖြေဆိုဖို့ ရှိလေရာ အထက်ထက်ကအောင်မြင်ခဲ့သော စာမေးပွဲများ၌ အထွတ်အထိပ်သို့ ရောက်ခဲ့သည်ကို ထောက်လိုက်လျှင် များစွာထင်ရှားလျက် အထူးအချွန်ကြီးပွားဖို့ လမ်းရှိသူတစ်ယောက်ဖြစ်ကြောင်း။ ယခုမှာ ဤအမှု ဖြစ်ပွားခြင်းကြောင့် ငယ်ရွယ်စဉ်က အညွန့်ကျိုးပြီး အဖိုးလွန်စွာ ထိုက်တန်မည်ဖြစ်သောဘဝမှ ဆုံးပါးခြင်းသို့ ရောက်ရရှာတော့မည် ဖြစ်ကြောင်း။ သို့သော်လည်း ဥပဒေတို့မည်သည် မိမိ၏လမ်းကို ဖြောင့်တန်းစွာသွားသဖြင့် မြွေပွေးပမာ မထိလျှင်မကိုက်၊ ထိမိလျှင် ဂတိမလိုက်ဘဲ ကိုက်ရမြဲဖြစ်လေရာ ယခုမျက်မှောက်မှာရှိသော လူပျိုမှာ မြွေပွေးဆိုတဲ့ဥပဒေကို ထိပါးမိတော့သည်ဖြစ်သောကြောင့် အဘယ်လောက်ပင် အဖိုးထိုက်တန်သော ယောက်ျားပင်ဖြစ်စေကာမူ ဥပဒေနည်းလမ်းအတိုင်းစီရင်ဖို့သာ ရှိတော့သည်ဖြစ်ကြောင်း။

သို့သော် စဉ်းစားရန်အချက်တစ်ခုရှိသည်မှာ ဤယောက်ျားမျိုး၏အမှုလွန်စွာထင်ရှားခြင်းဟာ ဖြစ်များစွာ မသင်္ကာစရာဖြစ်ကြောင်း၊

mgyoe.com

mgyoe.com


ဥပဒေကိုနားလည်သည့် ယောက်ျားပျိုတစ်ယောက်သည် ပြစ်မှုကို ပြုနိုင်အောင် ဆိုးသွမ်းသူဖြစ်စေကာမူ၊ ဤပြစ်မှုကိုပင် ဤမျှလောက် ထင်ထင်ရှားရှား ပြုဖို့မရှိကြောင်း၊ ကျွန်ုပ်၏မိတ်ဆွေအစိုးရရှေ့နေ၏ လျှောက်လဲချက်အရ ဤသူငယ်သည် *ဒါလဟိုဇီလမ်း ထမင်းဆိုင် အထက်ထပ်မှာ အသတ်ခံရသူဦးထွန်းသိန်းနှင့် အခန်းချင်း ယှဉ်၍နေရာ၊ သေသောညဉ့်မှာ ထမင်းဆိုင်ရှင်၏ သက်သေခံချက်အရ ဦးထွန်းသိန်း၏ အခန်းထဲမှာ တရားခံတစ်ယောက်တည်းသာ ဦးထွန်းသိန်းနှင့် ညဉ့်နက်စွာ စကားပြောနေသည်ဖြစ်ကြောင်း၊ သည့်အတွက် နံနက်မှာ ဓားချက်နှင့်သေနေသော ဦးထွန်းသိန်းမှာ တရားခံ၏လက်ချက်နှင့် မသေလျှင် မည်သူ၏လက်ချက်နှင့် သေရပါသနည်းဟု ပြောဆိုသည်မှာ မငြင်းနိုင်ဖွယ်ရာအချက်ကြီးဖြစ်၍ နေပေကြောင်း၊ ထိုမှတစ်ပါးလည်း ဤသူငယ်ဟာ ပညာသင်ရန် အထောက်အပံ့ပြုနေသူတစ်ယောက်၊ လွန်ခဲ့တဲ့ရက်အနည်းငယ်အတွင်းမှာ အနိစ္စရောက်သဖြင့် ထောက်ပံ့သူ မရှိဘဲ လက်မဲ့ဖြစ်၍ နေခဲ့ရာ ငွေကြေးတို့လွန် စွာမှလို၍နေခြင်း၊ ဦးထွန်းသိန်း၏ လက်ထဲမှာလည်း ငွေကြေးအမြောက် အမြားရှိခြင်း၊ ဦးထွန်းသိန်းထံမှ ငွေများကို၊ တရားခံကချေးသောအခါ ဦးထွန်းသိန်းက ငွေထုတ်၍မပေးသဖြင့် ကတောက်ကဆ အချေအတင် စကားများခြင်း ဦးထွန်းသိန်း သေသောအခါ ဦးထွန်းသိန်း၏သေတ္တာထဲမှာ ငွေကြေး တစ်ပြားမှ မကျန်ရှိခြင်း၊ ဦးထွန်းသိန်းသေပြီးနောက် မောင်သာစုမှာ တင်ရှိသည့်အကြွေးများကို လျင်မြန်စွာပေးဆပ်နိုင်ခြင်း၊ မောင်သာစု နှင့် ဦးထွန်းသိန်းမှာ လပေါင်းအတန်ကြာ အတူယှဉ်၍နေကြသဖြင့် တစ်ယောက်အခန်းကို တစ်ယောက် ဝင်နိုင်ထွက်နိုင်ခြင်း စသည့်

---

* **Dalhousie Road** = ဖယာဝ္ဆူလလမ်း

mgyoe.com

mgyoe.com


အချက်များဟာ ပြစ်မှုကို ထင်ရှားစေသည့် အချက်ကြီးတွေဖြစ်ကြောင်းကို သံသယကင်းလောက်ပါတယ်။ သို့သော် အံ့ဖွယ်ကောင်းတဲ့ အချက်တစ်ခုမှာ ဤမျှလောက် အရည်အချင်းနှင့် ပြည့်စုံတဲ့ယောက်ျားကလေးဟာ ပြစ်မှုကိုဤမျှလောက် ထင်ထင်ရှားရှားပြုတယ် ဆိုသည်မှာ လွန်စွာမှ အံ့သြဖွယ်ကောင်းတဲ့အချက်တစ်ခုဖြစ်ကြောင်း၊ အမျက်ဒေါသကို မချုပ်တည်းနိုင်သဖြင့် မတော်တဆ ရိုက်နှက်သတ်ပုတ်မိလျှင် ယခုလို ထင်ထင်ရှားရှားပြုနိုင်ဖွယ်ရာရှိကြောင်း၊ ယခုလိုဒေါသနှင့်မပတ်သက် ငွေကြေးကိုလိုချင်သည့်လောဘကြောင့် သတ်ရသည်ဆိုသည့် အမှုမှာ ယခုလိုထင်ထင်ရှားရှားပြုလိုက်ခြင်းသည် အမှုဖြစ်ပျက်ပုံအခြေအနေမှာ သံသယမကင်းဖွယ်ရာ အချက်ကြီးတစ်ခုဖြစ်ကြောင်း စသည်ဖြင့် လျှောက်လဲရှာလေ၏။

သို့သော်လည်း လူသတ်မှုတို့မည်သည်မှာ လက်ဆုပ် လက်ကိုင်မိသောသက်သေနှင့် အပြစ်ပေးရခြင်းသည် နည်းပါး၏။ အကြောင်းနိမိတ်အခြေခံတို့၏ ဆက်သွယ်ထောက်ခံခြင်းဖြင့်သာ အပြစ်ပေးခြင်းက ပိုမိုများပြားခြင်းဖြစ်လေသည်။ ယင်းကဲ့သို့ဖြစ်လေရာ ဤအမှု၌ ထင်ရှားသောအချက်တို့သည် အပြစ်ပေးရန်အထောက်အပံ့ပြုသော အချက်များသာ ဖြစ်လေရာ၊ ထိုအချက်တို့ကို ဖယ်ရှား၍ အခြားမပေါ်ပေါက်သောအချက်များကို လိုက်လံ၍ရှာရန် မလိုတော့ချေ။ သို့အတွက် ဖြောင့်မတ်သောစက်ရှင်တရားသူကြီးမှာ တစ်ခုတည်းသော စီရင်ချက်ကိုသာချရန် ရှိပေတော့သည်ဖြစ်လေရာ ဂျူရီ လူကြီးမင်းတို့၏ ဆုံးဖြတ်ထင်မြင်ချက် တစ်ခုသာ ကျန်ရှိပေတော့သည်။

ဂျူရီလူကြီးမင်းတို့မှာလည်း အစိုးရရှေ့နေစကားများဘက်သို့ လုံးလုံးလျားလျားလိုက်ပါ၍နေလေရာ ၎င်းယောက်ျားပျိုလမ်းသည် တစ်လမ်းသာ ကျန်ရှိပေတော့သည်ဖြစ်ရာကား ပရိသတ်တို့သည်

mgyoe.com

mgyoe.com


စိတ်အားထက်သန်စွာနှင့် စီရင်ချက်ကိုနားထောင်ရန် စောင့်စား၍ နေကြလေ၏။ အကြောင်းမူကား မျိုးချစ်ဦးထွန်းသိန်းအတွက် မောင်သာစ ကို ကလဲ့စားချေရန် ဒေါသမာန်ရှ၍ နေကြလေ၏။

ဂျူရီလူကြီးများသည် စဉ်းစားခန်းသို့ သွားကြရာ၌ ၎င်းတရားခံ အပေါ်တွင် အပြစ်ရှိသည်ဟူ၍ တညီတညွတ်တည်း မှတ်ယူ၍ သွားကြ လေ၏။ ဤအမှုသည်လွန်စွာထင်ရှားလှသဖြင့် အထူးစဉ်းစားရန် မလိုတော့ချေဟူ၍သာလျှင် တစ်သဘောတည်း အစွဲပြုလေ၏။

ထိုနောက်တစ်ဖန် ပြန်၍ထွက်လာကြလေရာ ၎င်းတို့အား တရားခွင်မှ အမေးရှိသောအခါ တစ်ယောက်ပြီးတစ်ယောက် ၎င်းအပေါ်၌ အပြစ်မရှိဟူ၍ ပြောပြသောအခါ တရားသူကြီးကိုယ်တိုင်က ကလောင်ကိုကိုင်ကာ ငေးမှိုင်အံ့သြ၍နေလေ၏။ အစိုးရရှေ့နေမှာ မျက်လုံးဝိုင်းလျက် လက်ဖွေ့ရေးပြရတော့မလို၊ ဂျူရီတွေနှင့် တွန်းထိုး ခိုက်ရန်ဖြစ်ရတော့မလို မငြိမ်မသက်နေလေ၏။ နားထောင်သော ပရိသတ်တို့သည်ကား တရုတ်ရုတ်ဖြစ်ကာ မာန်ဖီသော မြွေဆိုး မြွေဟောက်များ ဝိုင်းရံ၍ မြည်တွန်ကြသည့်အလား ဥက္ကောဋ္ဌေယျ ဖြစ်ကြလေ၏။ တရားဥပဒေသည် ဤအမှု၌ အဘယ်ပုံဖောက်ပြန်၍ သွားပါသနည်း။ ဤအကောင်ကို အဘယ်ကြောင့် သူတို့ လွှတ်ချင်ကြ ပါသနည်း၊ စသည်ဖြင့် ဆူညံကြလေ၏။

တရားခံကိုယ်တိုင် ဂျူရီလူကြီးမင်းတို့၏စကားကို မယုံကြည် သကဲ့သို့ ဖြစ်လေ၏။ မိမိသည်ဤကြောက်မက်ဖွယ်ရာအမှုကြီးမှ လွတ်လေပြီဟူသော အခြင်းအရာကို မယုံကြည်နိုင်အောင်ရှိလေ၏။ တရားသူကြီး အဘယ်ပုံသဘောရပါနည်းဟူ၍ တွေးတောကာ တရားသူကြီး၏မျက်နှာကို ကြည့်လေ၏။ တရားသူကြီးသည်ကား ၎င်းကိုကြည့်ကာ ခေါင်းညိတ်လျက် "မင်းမှာအပြစ်မရှိဘူး ရုံးတော်က

mgyoe.com

mgyoe.com


လွှတ်လိုက်ပြီ”ဟု စိတ်လျှော့သောအမူအရာဖြင့်ပြောကာ အမိန့်ချမှတ်လိုက်သောအခါ မောင်သာစုသည် မူးမိုက်၍သွားသကဲ့သို့ ဖြစ်လေ၏။ ထိုအခါ ပုလိပ်များသည် ၎င်းကိုဆွဲထုတ်၍ သွားကြလေရာ အပြင်၌စောင့်လျက်ရှိသော လူထုအင်အား အလွန်တရာမှကြီးမားလျက်ဒေါသမာန်ပွား၍ နေကြသောကြောင့် မထင်ရှားသောနေရာမှ ၎င်းကိုယူဆောင်ကာ မြင်းရထားတစ်စင်းပေါ်တွင် တိတ်တဆိတ်တင်လျက်လျင်မြန်စွာမောင်းနှင်၍ လွှတ်ရာသို့ပို့ရန် မှာကြားလိုက်ရလေသတည်း။ ဒေါသ မျက်မာန် လွန်စွာခက်ထန်၍နေကြကုန်သော လူစုကြီးသည်ကားပဒူ အုံကြွ၍ထသကဲ့သို့ ရုံးတော်ကအပြစ်မပေးသော တရားခံကို မိမိတို့ကိုယ်တိုင် ခဲ၊ အုတ်၊ တုတ်၊ ဓား၊ လက်သီး၊ လက်ဝါးတို့ဖြင့် အပြစ်ပေးရန် အနှံ့အပြားရှာဖွေလျက် နေရစ်ကြလေ၏။

ဂျူရီလူကြီးမင်းများသည် စဉ်းစားရန် ဝင်၍သွားကြသောအခါတရားခံအပေါ်၌ အပြစ်ရှိသည်ဟုအယူရှိကြပြီး နောက်တစ်ဖန်ထွက်၍လာသောအခါ အဘယ်နည်းဖြင့် စိတ်အကြံပြောင်း၍ သွားပါသနည်းဟုဆိုသော် စဉ်းစားခန်းသို့ရောက်သောအခါ ထူးခြားသောအကြောင်းအရာတစ်ခုဖြစ်ပွားလေ၏။ ထိုအကြောင်းမှာ အခြားမဟုတ် တစ်ရံတစ်ခါမျှ မတွေ့ဖူးမကြုံဖူးသော ဂျူရီလူကြီးမင်းများအနက်၊ မည်သူနှင့်မျှ အသိအကျွမ်းလည်းမဟုတ်သော ဂျူရီလူကြီးတစ်ယောက်သည် တရားခံ၏ရှေ့နေ ပြောသောစကားများကို အသစ်ထပ်မံချဲ့ထွင်ကာ ဤတရားခံအပေါ်၌ အပြစ်မရှိကြောင်း၊ လောကမှာလူတို့၏ ယုံကြည်ထင်မြင်ချက်နှင့် လုံးလုံးကြီးကွဲပြားသောအရာများသည် အခါခါဖြစ်ပွားနိုင်ကြောင်း၊ မြင်ရ ကြားရခြင်းကတစ်မျိုး၊ အဟုတ်အမှန်ဖြစ်ပွားခြင်းက တစ်မျိုးဖြစ်နိုင်ကြောင်း၊ ဤတရားခံအပေါ်၌ အပြစ်ပေးလျှင် ဥပဒေလမ်းစဉ်သည် တကက်တက်စင် လွဲတော့မည်ဖြစ်ကြောင်း၊

mgyoe.com

mgyoe.com



အပြစ်မရှိသူတရားခံမှာ မတရားသဖြင့် အသေခံရမည်ဖြစ်ကြောင်း၊ စသည်ဖြင့် စဉ်းစားခန်း၌ ပိုင်ပိုင်နိုင် နိုင်ပြောပြလေရာ ဂျူရီလူကြီးမင်းတို့မှာ လုံးလုံးကြီးစိတ်ပြောင်းလျက် စဉ်းစားခန်းသို့ထွက်၍လာစဉ်က အစွဲပြုသော စိတ်အကြံသည် လုံးလုံးကြီးပျောက်ပျက်ကာ တရားခံအပေါ်၌ ချမ်းသာခွင့်ကိုပေးဖို့ရန် အကြံ ပေါက်ရောက်ခြင်း ဖြစ်ခဲ့လေသတည်း။

မောင်သာစုသည် ကြောက်မက်ဖွယ်သော အပြစ်ဒဏ်မှ အံသြဖွယ်သောနည်းဖြင့် လွတ်မြောက်၍လာခဲ့လေရာ အဝီစိမှလွတ်ထွက်၍လာသော ဝိညာဉ်ကဲ့သို့ အဘယ်သို့သွားရမှန်းမသိဘဲ ရန်ကုန်မြို့ကြီးအထဲတွင် လွင့်ပါး၍သွားလေ၏။ ဤဂျူရီလူကြီးများ၏စိတ်ထဲ၌ မည်သို့သောနတ်များ ဝင်ရောက်ကာ မိမိအတွက်လွတ်မြောက်ခြင်းကို ဖန်တီးပါသနည်း။ မိမိ၌ အပြစ်မရှိသည်များမှာ အမှန်ပင်လွတ်၏။ ။ သို့ပင် မှန်လင့်ကစား အထောက်အခံ အသိုင်းအဝိုင်းဖြစ်သော သက်သေတို့ကို ထောက်လိုက်လျှင် အဘယ်နည်းနှင့်မျှ လွတ်မြောက်ချမ်းသာခွင့်ကိုရဖို့ မရှိချေ။ သို့ပါလျက် ငါသည် အဘယ်နည်းနှင့် လွတ်မြောက်၍လာနိုင်ပါသနည်းဟု တွေးကြံ၍မရနိုင်အောင် ရှိလေ၏။

မြင်းရထားမှဆင်းသောအခါ လူသူပြတ်လပ်သော ကန်တိုမင်နယ်အတွင်းသို့ ရောက်၍နေလေ၏။ မြို့သူမြို့သားများသည် မိမိအပေါ်၌ ဒေါသအမျက်ထွက်၍နေသည်ကို သိသော်ငြားလည်း မိမိ၌အပြစ်မရှိဟူသော စိတ်သည် ရဲရင့်ခြင်းကိုဖြစ်စေလျက် လူသူများသောမြို့တွင်းသို့ ပြန်၍လာခဲ့ရာ၊ ဆာလောင်လှ၍ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ဝင်လေရာ လက်ဖက်ရည်ဆိုင်သို့ရောက်သောအခါ မိမိရုပ်ပုံပါရှိသော သတင်းစာတစ်စောင်ကို ကိုင်ဖတ်လျက်၊ ထက်သန်စွာပြောဆို၍ နေသော လူတစ်စုကို တွေ့ရလေ၏။

mgyoe.com

mgyoe.com


"သည်အကောင်ဟာ ဦးထွန်းသိန်းကို အမှန်သတ်တာပဲ၊ မတရားသဖြင့် လွှတ်ပစ်ကြတာကလား"

တစ်ယောက်က။ ။ "အခု သည်အကောင် ဘယ်ကိုသွားသလဲ မသိဘူး"

တစ်ယောက်က။ ။ "ဘယ်သွားမလဲ၊ သူရတဲ့ငွေတွေကို သိုဝှက်ဖို့ သွားမှာပေါ့"

တစ်ယောက်က။ ။ "သည်အကောင်တော့ တစ်နေ့နေ့ ဝိပါက်လည်မှာပဲ"

စသည်ဖြင့် ပြောဍ်နေကြလေရာ မိမိအပေါ်၌ အဘယ်မျှလောက် အငြိုးကြီး၍နေကြသည်ကို မောင်သာဝသည်သိလေ၏။ မိမိ၏အပေါ်၌ လူအများ မုန်းထားကြသည်ကို သိရှိသော်လည်း ယခုလောက်ကြီးမားစွာ မျက်ကြုတ်အားကြသည်ကိုကား ယခုမှသိရလေ၏။ ထိုသူတို့သည် မိမိကိုရုတ်တရက် သတိမထားကြသေးချေ။ မတော်တဆ သိကြချေက အဘယ်ပုံပြုကြမည်ကို မသိရချေ။ သို့ဖြစ်သောကြောင့် မောင်သာဝသည် ထိုဆိုင်၌ ကြာရှည်စွာမရပ်ဘဲ ထွက်ခွာ၍ သွားလေ၏။

လမ်းသို့ရောက်သောအခါ လူနှစ်ယောက်သည် အောက်ပါအတိုင်း ပြော၍သွားကြလေ၏။

တစ်ယောက်က။ ။ "တရားဥပဒေဆိုတာ ယခုခေတ်ကာလမှာ တရားသူကြီး သဘောတစ်ခုပါပဲကွယ်"

တစ်ယောက်က။ ။ "ဦးထွန်းသိန်းကို သတ်တဲ့ အကောင်ထက်တော့ အမှုထင်ရှားတာမရှိပါဘူး"

ထိုစကားများကိုကြားရသောအခါ မောင်သာဝသည် မိမိအပေါ်၌ ပြည်သူတွေ အဘယ်ပုံ စီရင်ချက်ချထားသည်ကိုသိရလေ၏။ တရားသူကြီးနှင့် ဂျူရီက အဘယ်ပုံပင်သဘောရသော်လည်း ပြည်သူ၏

mgyoe.com

mgyoe.com


သဘောမှာ ပြောင်းလဲ၍မရကြောင်း သိရလေ၏။ ၎င်းတို့၏ စကားများသည် မိမိကို ဆေးဖော်ကြောဘက်မလုပ်လိုသော စကား၊ ဘွိုင်ကော့ပြုလုပ်သော စကားများဖြစ်ကြောင်းကို သိရလေ၏။

ထိုအခါ လူလုံးလုံးကြီးပြတ်သော လမ်းထောင့်တစ်ခု၌ ထိုင်၍နေသော လက်ဆွဲလမ်းလျှောက်ကော်ဖီရောင်းသမားထံမှ ကော်ဖီကို ဝယ်၍ သောက်ပြီးလျှင် ကောလိပ်ကျောင်း၌ရှိသော မိမိ၏သူငယ်ချင်းများသည် မိမိကိုဤမျှလောက် ပစ်ပစ်ခါခါပြုကြလိမ့်မည်မဟုတ်ဟု သဘောထားပြီးလျှင် ၎င်းတို့ထံသို့ သွားလေရာ မေးထူးခေါ်ပြောကိုမျှပင် အနိုင်နိုင်အဖက်လုပ်ကာ တုံ့ပြန်စကားမပြောကြသည့်ပြင် မိမိနှင့်ကြာရှည်စွာ တွေ့ကြုံစကားပြောလိုသော ဆန္ဒမရှိကြကြောင်းကို သိရလေ၏။

ထိုအခါမိမိမှာ ရာဇဝတ်ဘေးမှ လွတ်မြောက် ချမ်းသာရာရသော်လည်း ထို့ထက်ကြောက်မက်ဖွယ်ကောင်းသော ပြည်သူတို့၏မုန်းထားခြင်းဘေးမှ မလွတ်နိုင်ကြောင်းကိုသိရလျက် များစွာ အနေကြံ့စ ပြုလေ၏။ မိမိ ၏ဦးခေါင်းဝယ် တိမ်ပုပ်ကြီးဖိစီးလျက် နေစရာရှာ၍ မရသကဲ့သို့ ဖြစ်လေ၏။

မောင်သာစုမှာ ဘီ–အယ်လ်ကို ဆက်လက်၍ ဝင်ရောက်ရန် အကြောင်းမညီညွတ်သောကြောင့် ရှေ့နေဖြစ်ဖို့ရန်ခက်ခဲ၏။ ရှေ့နေပင်ဖြစ်စေကာမူ တိုင်းသူပြည်သားက မိမိကိုဘွိုင်ကော့ပြုလုပ်၍ ထားတော့မည်ဖြစ်သောကြောင့် ကျေးဇူးရှိတော့မည်မဟုတ်ချေ။ ယခုမှာ အလုပ်တစ်ခုခုကို လခစားလုပ်၍ စားနိုင်ဖို့ရန် ပညာလုံလောက်စွာရှိသော်လည်း မြန်မာကုမ္ပဏီတိုက်ဟူသမျှတို့အနက်၊ မည်သည့်တိုက်ကမျှ မိမိကို အလုပ်ပေးဖို့မရှိချေ။ အင်္ဂလိပ်တိုက်များမှာလည်း ၎င်း၏ အမှုအကြောင်းကို အင်္ဂလိပ် သတင်းစာများ၌ သေချာစွာ ပါရှိသောကြောင့်

mgyoe.com

mgyoe.com


ထင်ရှားစွာလူသတ်မှုကို ပြုသောသူအပေါ်၌ ရာဇဝတ်ပြစ်မှုပင် မရှိစေကာမူ ၎င်းကို လူကောင်း သူကောင်းအဖြစ်နှင့် အသုံးပြုတော့မည် မဟုတ်ချေ။

၎င်းမှာအထောက်အပံ့ပြုရန် ဆွေမျိုးဉာတိမရှိ၊ နောက်ဆုံး ထောက်ပံ့၍နေသူမှာ ကွယ်လွန်အနိစ္စရောက်တော့ သည်ဖြစ်သောကြောင့်၊ အားကိုးရန် မည်သူမျှမရှိတော့သည့်အကြောင်းကို တွေးလိုက်သောအခါ အတွယ်အတာတစ်စုံတစ်ရာမျှမရှိဘဲ ရေနက်ထဲသို့ကျကာ မြုပ်ရတော့ မည့်ဆဲဆဲဖြစ်သောသူကဲ့သို့ ဖြစ်၍နေလေ၏။

၎င်း၏ဖခင်မှာ အလွန်တရာပညာတတ်သော အငြိမ်းစား မြို့အုပ်ကြီးတစ်ယောက်ဖြစ်၍ ၎င်း၏မိခင်မှာလည်း အများ ချစ်ခင်လေးမြတ်ခြင်းကိုခံရသော မိန်းမမြတ်ဖြစ်လေရာ မောင်သာခုကို ရင်ခွင်၌ ပွေ့ပိုက်ကာ မွေးမြူ၍လာရသော ကလေးသူငယ်၏ဘဝမှစ၍ မွန်မြတ်သော စိတ်နေသဘောထားကို သွန်သင်ပြသခဲ့သူ ဖြစ်လေ၏။ ၎င်းတို့နှစ်ယောက်စလုံး ကွယ်လွန်အနိစ္စရောက်ကြသောအခါ ပုသိမ်မြို့၌ ပရိက္ခရာရောင်း လျက်ရှိသော ဦးကြီး–အရီးတို့က ၎င်းကို ကြည့်ရှုကာ အတတ်ပညာကို ဆက်လက်သင်ပေး၍ နေကြလေရာ၊ အရီးမှာ ကွယ်လွန်ပြန်သဖြင့် ဦးကြီးမှာ နောက်မိန်းမနှင့် လက်ဆက်ရလေ၏။ ထို့နောက်မပျက်မကွက် ဆက်လက်ပညာသင်ပေးခဲ့ရာ နောက်ဆုံး၌ ဦးကြီးသေဆုံးလေလျှင် သွေးသားမတော်စပ်သူ အရီးမှာ နှုတ်သာပါလျက် လက်မပါဘဲ၊ လျစ်လျူရှုစ ပြုလာရာတွင် ထိုကဲ့သို့ အမှုအခင်းဖြစ်ပွားသောအခါ ခိုကိုးရာ လုံးလုံးကြီး ကင်းမဲ့၍နေလေ၏။

မောင်သာခုသည် တစ်ကိုယ်တည်း အကြံရကျပ်လျက် လမ်းနံ့ဘေးတွင် ထိုအကြောင်းတို့ကို ထိုင်၍စဉ်းစားနေခိုက်တွင် ပူအိုက်

mgyoe.com

mgyoe.com


သောရင်ခွင်၌ လေပြည်ကလေးရိုက်ခတ်၍လာသည့်အလား မြေ့မြေ့ကလေး အေး၍လာလေသည်။

ထိုအခါထိုင်ရာမှ ရုတ်တရက်ထပြီး ဘယ်သူပင် ငါ့ကို သပိတ်မှောက်စေကာမူ တင့်တင့်သည်ငါ့ကိုသပိတ်မှောက်မည်မဟုတ်၊ တင့်တင့်သည် ထိုပြစ်မှုကို ငါပြုသည်ဟု အဘယ်နည်းနှင့်မျှ တွေးတောမည်မဟုတ်ချေ။ မည်သူကမည်သို့ပင် ငါ့အပေါ်၌ထင်စေကာမူ တင့်တင့်တစ်ယောက် မထင်လျှင်တော်ပြီ၊ တင့်တင့်၏အချစ်သည် ကျယ်ဝန်းသောဥယျာဉ် ကြီးဖြစ်၏။ ကမ္ဘာလောကကြီးတစ်ခုလုံးက ငါ့ကိုလက်မခံဘဲ၊ အဘယ်သို့ပင် ငြင်းဆန်စေကာမူ၊ ထို မွန်မြတ်သော နတ်ဥယျာဉ်၌ ငါသည်ပျော် ပိုက်စွာနေနိုင်၏။ တင့်တင့်ထံသို့ ခု အမြန် ငါသွားမည်ဟု စိတ်ထဲ၌ အကြံပြုပြီးလျှင် ရန်ကုန်မြို့ အရှေ့ပိုင်းရှိ ပွဲစားကြီးဦးခင်ညို၏သမီး တင့်တင့်ထံသို့ အမြန်သွားလေ၏။

မောင်သာစုသည် ထိုအိမ်သို့ညနေချမ်းအချိန်တွင် ရောက်သွားလေ၏။ မောင်သာစုသည် အိမ်ရှေ့ခန်း၌ တစ်ယောက်တည်းရပ်ကာ ဘိုမကျ မြန်မာမကျနည်းစနစ်မကျသောတုပခြင်းဖြင့် ခင်းကျင်းကာရံ၍ထားသော အဖိုးတန်ပစ္စည်းဝင်းထိန်တောက်ပစွာတို့ကို ကြည့်ရှုကာ မနှစ်လိုသောအမူအရာနှင့် နေလေ၏။ သို့သော်လည်း ထိုကဲ့သို့သော ခင်းကျင်း ဆင်ယင်ခြင်းမျိုးသည် ရန်ကုန်မြို့ ဂုဏ်အသရေရှိ မြန်မာလူမျိုး အမြောက်အမြားတို့၏အိမ်၌ တွေ့ရမြဲဖြစ်လေရာ မောင်သာစုသည် မယဉ် မရိုင်းဖြစ်သော အိမ်ရှင်တို့၏စိတ်နေသဘောထားကို ထိုအထိမ်းအမှတ်များဖြင့် လွယ်ကူစွာမသိနိုင်ဘဲနေလေ၏။

အတန်ကြာစွာ ရပ်၍နေလေရာ အတွင်းခန်းမှ ရယ်မော စကားပြောဆိုနေကြသော အသံများကိုကြားရလေရာ ထိုအသံများထဲတွင် တင့်တင့်အသံများကို ထင်ရှားစွာကြားလေရာ၊ တင့်တင့်၏ ရွှင်လန်း

mgyoe.com

mgyoe.com


လတ်ဆတ်ပန်း*စကားလပ်ပမာ ချစ်ဖွယ်ကောင်းလှစွာသော မျက်နှာကလေးကို မြင်ရပေတော့မည်ဟူ၍ တွေးတောကာ အားတက်၍နေလေ၏။ ယင်းကဲ့သို့ နေသောအခိုက်တွင် အစေခံမိန်းမပျိုတစ်ယောက်သည် ထွက်ပေါ်၍လာလေရာ တင့်တင့်ရှိသလားဟု ဆီး၍မေးလေ၏။

အစေခံမိန်းမပျိုသည် မောင်သာစု၏မျက်နှာကို အံ့အားသင့်သော အမူအရာနှင့် ကြည့်လေ၏။ ၎င်းသူငယ်မ၏မျက်နှာ၌ ပေါ်ပေါက်၍လာသောအမူအရာမှာ တစ္ဆေသရဲကိုမြင်ရသဖြင့် ထိတ်လန့်သော အမူအရာနှင့် တူလေ၏။

"သြော် . . . ကိုသာစုပါကလား၊ ခဏနေပါဦး မမရှိတယ်"ဟု ပြောပြီး၊ အခန်းတွင်းသို့ ဝင်သွားလေ၏။ အတန်ကြာစွာ စောင့်၍နေသောအခါ လှပစွာဝတ်ဆင်လျက် တင့်တင့်သည်ထွက်လာပြီးလျှင် မောင်သာစု၏ရှေ့၌ ရပ်ကာနေလေ၏။

မောင်သာစုသည် ၎င်းကိုမြင်ရသောအခါ မိမိ၏မျှော်လင့်ချက်များနှင့် များစွာကွဲပြားသည်ကို တွေ့ရှိရလျက် ရင်ခွင်၌တနွေးနွေးသော မျှော်လင့်ခြင်းသည် အေးစက်စက်ဖြစ်၍ သွားလေ၏။ အကြောင်းမူကား တင့်တင့်သည် အနည်းငယ်မျှစိတ်အားထက်သန်ခြင်းမရှိ၊ မောင်သာစု၏ မျက်နှာကိုလည်း မကြည့်ဘဲ အခြားသို့ ဖယ်လွှဲကာ ကြည့်၍နေလေ၏။

**သာစု။** ။ "တင့်တင့်–မင်းပို့တဲ့ဆုတောင်းမေတ္တာကြောင့် ထင်ပါရဲ့၊ ကျုပ်ဖြင့်အံ့ဖွယ်ရာနည်းနှင့် လွတ်ပြီးလာခဲ့ပါတယ်၊ မင်းသတင်းစာများကို မဖတ်မိဘူးလား"

**တင့်။** ။ "ဟုတ်ကဲ့ ဖတ်မိလိုက်ပါတယ်" ဟု အေးဆေးစွာ ပြောလျက် မောင်သာစု၏မျက်နှာကို ကြည့်လေ၏။

---

* စကားလပ်ပန်း = ဇီဇဝါကို တစ်မျိုးခေါ်သောအမည်

mgyoe.com

mgyoe.com


သာခု။ ။ ကျုပ်အခုဖြင့် ကွင်းလုံးကျွတ် လွတ်လာခဲ့တာပဲ၊ လွတ်လျှင် လွတ်ချင်းတင့်တင့်တစ်ယောက်ဖြင့် ဝမ်းမြောက်လိမ့်မယ် လို့အားကိုးပြီး ကျုပ်အဆောတလျင်လာခဲ့ပါတယ်၊ တင့်–ဝမ်းမသာ ဘူးလားဟု ပြောကာ အပါးသို့ ကပ်လာလေ၏။

တင့်တင့်သည် နောက်သို့ဆုတ်ရင်း ကိုသာခုလွတ်လာတာကို ကျွန်မ ဝမ်းသာပါတယ်။

သာခု။ ။ "ကျုပ်မှာတော့အပြစ်မရှိပါဘူး၊ မင်းစိတ်ထဲက ကျုပ်ကို အပြစ်ရှိတယ်လို့များ ထင်သလားတင့်ရဲ့"။

တင့်။ ။ "ကျွန်မကတော့မထင်ပါဘူး၊ သို့သော်လည်း ဖေဖေတို့ မေမေတို့က တစ်မျိုးထင်ကြတယ်၊ အခြားလူများကလည်း ဒီလိုပဲ ပြောနေကြတာပါပဲ၊ သတင်းစာတွေကလည်း အင်မတန် ရေးနေကြ တယ်"။

သာခု။ ။ "ဘယ်သူကဘယ်လိုပဲ ထင်ထင် တင့်မထင်ရင် တော်ပြီ"။

တင့်။ ။ "ကျွန်မကတော့မထင်ပေမယ့် အများက ထင်နေကြ တော့ အင်မတန်ခက်တာပါပဲ၊ ဖေဖေတို့မေမေတို့ကသာပြီးခက်ပါ တယ်၊ အခုလည်း ဧည့်သည်တွေရောက်နေတာနဲ့ အထဲမှာ စကား ပြောပြီး နေကြတယ်၊ ကို သာခုဘယ်ကိုသွားမလို့လဲ"။

သာခု။ ။ "မပြောတတ်သေးဘူး၊ ဘယ်ကိုသွားပြီး ဘာကို ကြံရမယ် မသိဘူး၊ လွတ်လာသည့်အတွက်မင်းဆီကို လာတာပါပဲ"။

တင့်။ ။ "ထိုင်ပါဦးလေ၊ ကျွန်မ ဖေဖေတို့မေမေတို့ကိုသွားပြီး ပြောပါဦးမယ်၊ ကျွန်မ ကိုသာခုကိုတွေ့ရအောင်ထွက်လာတာ သူတို့ မသိဘူး။ အိမ်ရှေ့မှာဧည့်သည်တစ်ယောက်လာတယ်ဆိုလို့ ထွက်ပြီး ကြည့်တာပါပဲ"ဟု ပြောပြီး အခန်းထဲသို့ ဝင်သွားလေ၏။

mgyoe.com

mgyoe.com


မောင်သာစုသည်ကား မျှော်လင့်ခြင်း၏ရောင်ခြည်ကလေးမှာ တိမ်ပုပ်ကြီး အုပ်၍လာသလိုဖြစ်ပြီးလျှင် မထိုင်ဘဲ မတ်တတ်ရပ်ကာ ကျန်ရစ်လေ၏။ အတန်ကလေးကြာသောအခါ ပွဲစားကြီး ဦးခင် တစ်ယောက်တည်း ထွက်၍လာလေ၏။ တင့်တင့်မှာအတွင်း၌ ကျန်ရစ်လေ၏။

ပွဲစားကြီး။ ။ "မောင်လွတ်လာမှကိုး၊ ကောင်းပါလေရဲ့ကွယ်၊ ဦးကြီးတို့လည်းမောင့်အတွက် အတော်စိတ်ပူရတာပဲ နောင်သည်လိုမဖြစ်အောင်သတိထားပါကွယ်၊ လူဆိုတာလောဘအလိုကိုလိုက်ရင် မှားတတ်တာပဲ သည်တစ်ခါဆရာလို့သဘောထားလိုက်ပါ၊ မောင်တို့လိုပညာအရည်အချင်းနဲ့ ပြည့်စုံတဲ့လူများမှာ ငွေကြေးဆိုတာမရှားပါဘူး၊ သည်လိုအကြံမျိုးကိုဘယ်တော့မှ စိတ်မကူးပါနဲ့၊ နောက်ဆုံးကျတော့ သူတစ်ပါး*အပူရေဆိုတာ မိမိလက်ထဲမှာအမြဲနေတာမဟုတ်ဘူး၊ ပါနီထဲက လာပါနီထဲသွားဆိုတာလိုပဲ အခုလိုအမှုအခင်းဖြစ်တော့ ကြဲရစည်ရတာနဲ့ ကုန်ရောမဟုတ်လား"။

သာစု။ ။ "ကျွန်တော်မလုပ်ပါဘူးဦးရဲ့၊ မဟုတ်မမှန်ဖြစ်ရတဲ့အမှုပါ၊ အခုလည်းကျွန်တော်လွတ်လာပါပြီ"။

ခင်။ ။ "အေးလေ လွတ်တာက တစ်ဌာနကလားကွဲ့၊ မောင်က မဟုတ်ဘူးဆိုပေမယ့်၊ တိုင်းပြည်က ဟုတ်နေတော့ အခက်သားကပဲ၊ သို့သော် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သေတဲ့လူဟာလည်း အကုသိုလ်မကင်းလို့ ဖြစ်ရတာပါပဲ။ ပြီးတာပြီးစေ နောင် မိသားဖသားပီပီ ရှာဖွေလုပ်ကိုင်အသက်မွေးတာပေါ့၊ သို့သော်လည်း ဒီမြို့ဒီဒေသမှာတော့ တယ်ပြီးနေရာကျတော့မယ်မဟုတ်ဘူး၊ မောင့်

---

* သူတစ်ပါးဝင်းနည်းမှုဖြင့်ရသော ဥစ္စာငွေကြေး

mgyoe.com

mgyoe.com


အကြောင်းကို သိတဲ့လူက များနေတယ်၊ သည်တော့ ဦးကြီး အကြံ ပေးမယ်၊ နာမည် နေရပ်ပြောင်းပြီး တစ်မြို့တစ်ရွာမှာ လူကောင်း လုပ်ပေရော့၊ ဦးကြီးတို့လည်းကိစ္စများနေသေးတယ်၊ မောင့်ကို မေတ္တာ တော့ ရှိပါရဲ့။ သို့သော်လည်း လူနဲ့သူနဲ့နေကြတာမို့ မောင် ဝင်တာ ထွက်တာကို သူတစ်ပါးမြင်မှဖြင့် ဦးကြီးတို့မှာ လက်ညှိုးထိုးခံရမှာကို စိုးရပါတယ်၊ အထက်ထက်က အပေါင်းအသင်း အသိအကျွမ်း ဖြစ်ရ သည့်အတွက်၊ ဦးကြီးတို့မှာ စောင်မတဲ့ဝတ္တရားတော့ ရှိပေတာပဲ၊ အဲသည်အတွက် မောင် စရိတ်စကဆိုတာကို ငွေကလေး တစ်ရာ ကိုးဆယ်လောက် ဦးကြီး မပါ့မယ်၊ ဦးကြီးတို့ မရိုင်းပါဘူး၊ ရန်ကုန် မှာတော့ မနေနဲ့မောင် တိုတိုပြောလိုက်မယ်ကွယ် မောင် သည်အိမ်ကို လာတာကို တယ်ပြီးသဘောမကျကြဘူးဆိုပါတော့ကွယ်"ဟု ပြောကာ အခန်းထဲသို့ ဝင်မည်ပြုလေ၏။

သာစု။ ။ "ဦးထောက်ပံ့မယ်ဆိုတာကို ကျွန်တော် ကျေးဇူး တင်ပါတယ်။ သို့သော်လည်း ထောက်ပံ့ဖို့မလိုပါဘူးခင်ဗျာ၊ ကျွန်တော် လည်း သည်မြို့က ဘယ်ကိုမှ မသွားနိုင်သေးပါဘူး၊ ကျွန်တော့်အပေါ် မှာ နာမည်ဆိုးဖြစ်နေတာကို ရှင်းအောင်လုပ်ရပါဦးမယ်ခင်ဗျာ။ သည် အမှုမှာ သတ်တဲ့လူကို ပေါ်အောင် စုံစမ်းရမှ ကျွန်တော် ကျေနပ်ရဖို့ ရှိပါတယ်၊ ကျွန်တော့်ကို အခွင့်ပြုပါခင်ဗျား။ ကျွန်တော်သွားပါတော့ မယ်"ဟု ပြောပြီး အိမ်မှ ထွက်သွားလေရာပွဲစားကြီးသည် ၎င်းကို ကြည့်ကာ စဉ်းစားလျက် နေရစ်လေ၏။

မောင်သာစုသည် တင့်တင့်တို့အိမ်မှထွက်၍လာသောအခါ မခံ မရပ်နိုင်သည့်စိတ် ပေါ်ပေါက်၍လာလေ၏။ မခံချင်သောစိတ်သည် အထူးပဲ လွန်၍လာလေရာ၊ ငါသည်ယခုကဲ့သို့မနေ၊ ငါ၏နာမည်ကို ပြန်၍ ကောင်းအောင်လုပ်မည်။ ရာဇဝတ်ပြစ်မှုကျူးလွန်သူကို ငါ

mgyoe.com

mgyoe.com


တွေ့အောင် ရှာမည်။ "ယောက်ျားတံခွန်၊ လူရည်ချွန်က၊ ကောင်းကင်တမွတ်၊ ကြယ်ကိုဆွတ်လည်း၊ မလွတ်စတမ်း၊ ရမြဲလမ်း" ဆိုတဲ့ စကားကို အဘယ်မှာ ထားရမည်နည်း။ ဤပြည်သူအရပ်သား လူအများတို့သည် ဟုတ်ရာမှန်ရာကို သိတတ်သူနည်းပါး၏။ အများယောင်၍ ယောင်သူသာ များ၏။ ဤလူယောင်တွေများစွာတို့အား မှားတာကို ငါပြမည်။ လူရိုးကို လူဆန်း ထင်၏။ လူဆန်းကို လူရိုးထင်ကြ၏။ မဟုတ်တာကိုပြောလျှင် ယုံ၏။ ဟုတ်တာကိုပြောလျှင် မုန်း၏။ အလိမ်အကောက်ခံရသည့်အခါ ငြိမ်သက်စွာနေကြ၏။ ရိုးသောအရာကို ရိုးသောကြောင့်မနှစ်သက်၊ ဆန်းသောအရာကို ဆန်းသောကြောင့် နှစ်သက်လိုလားကြကုန်၏။ အဆန်းကြိုက်တဲ့ အကန်းအမိုက်တွေဟာ အရမ်းလိုက်ဖို့၊ အရမ်းယောင်ဖို့သာ သိကြလေသည်။ ၎င်းတို့သည် ယခုအခါ ငါ့အပေါ်၌ဝိုင်းအုံ၍ လက်ညှိုးထိုးကြ၏။ ငါ့အား များမကြာမီ လက်ညှိုးတစ်ချောင်းထိုးရာမှ၊ လက်ကိုးဖြာပေါင်း၍ ထိုးရအောင် ငါသည်အစွမ်းကုန်ကြံဆောင်မည်။ လူကြံလျှင် ခံနိုင်ရိုးလား စသည်ဖြင့်စိတ်ကိုတင်းကာ မိမိအထက်ကနေသော ထမင်းဆိုင်အခန်း၌ရှိသော မိမိ၏အဝတ်အစားပစ္စည်းများကို သိမ်းရန် သွားလေ၏။

ထမင်းဆိုင်သို့ရောက်သောအခါ ဆိုင်ရှင်မိန်းမကြီးအား မိမိ၏အခန်းတံခါးကိုဖွင့်ပေးရန် ပြောလေ၏။

"မောင်ရင်ပေါ်လာမှကိုး အခုဘာများအလိုရှိသလဲ"

သာခု။ ။ "ကျွန်တော့်ပစ္စည်းများကိုသိမ်းမလို့ပါ"

မိန်းမ။ ။ "ကောင်းပါလေရဲ့၊ သည်အခန်းကိုလည်း ငှားပြီးသားမို့ ခပ်မြန်မြန်ရှင်းမှ တော်မယ်"။

သာခု။ ။ "အခုတစ်ညမအိပ်ရဘူးလား ခင်ဗျာ"။

မိန်းမ။ ။ "အဒေါ်သဘောကိုပြောရမှာဖြင့် သည်အခန်းကို

mgyoe.com

mgyoe.com


မြန်မြန်ပြန်ပြီး လိုချင်တာပဲ၊ သို့သော်လည်း ငှားပြီးတဲ့ သူငယ်များ ယနေ့ည မရောက်လာရင် မောင်ရင်တစ်ညတော့ အိပ်နိုင်ပါသေးတယ်၊ မနက်ဖြန် နံနက်ကျရင်တော့ မထားနိုင်ဘူး" ပြောကာ အပေါ်ထပ်သို့ တက်ပြီး အခန်းကို ဖွင့်၍ပေးလေ၏။

မောင်သာစုသည် လက်ဖက်ရည်တစ်ခွက်နှင့် မုန့်နှစ်ချပ်ကို မှာလေရာ မိန်းမကြီးဆင်း၍သွားပြီးနောက် ကုလားတစ်ယောက်သည် လက်ဖက်ရည်ကို ယူ၍လာ၏။

ထိုအခါ အေးမြသောဆောင်းညဥ့်ဖြစ်သဖြင့် မောင်သာစုသည် တံခါးများကိုပိတ်ကာ ဖယောင်းတိုင်ကိုထွန်းပြီးလျှင် ပက်လက် ကုလားထိုင်တွင် ထိုင်ရင်း လက်ဖက်ရည်ပူပူကို မြိန်ရှက်စွာ သောက် လေ၏။ ယင်းကဲ့သို့ သောက်ပြီးနောက် ဆေးတံ၌ဆေးဘူးမှ ဆေးကြွင်း ဆေးကျန်ကလေးများကို ထည့်ပြီးမီးညှိကာ ရှိုက်ဖွာလျက် ပက်လက် ကုလားထိုင်တွင် ဆန့်၍နေလေ၏။ မောင်သာစုသည် ခေတ္တမျှ သူမမြင်၊ လူမမြင် လုံခြုံစွာနေရခြင်း၏စည်းစိမ်ကို နှစ်ခြိုက်စွာခံစား၍ နေရှာ လေသည်။

■

mgyoe.com

mgyoe.com

# အခန်း (၂)

မောင်သာဇုသည် ထိုထမင်းဆိုင်မှ ထွက်၍သွားရပြီးနောက် သုံးစွဲရန်ငွေကြေးနည်းပါးသဖြင့် မိမိ၏ အဖိုးတန်သော အဝတ်အစား အချို့တို့ကို ပေါင်နှံရလေ၏။ ထို့နောက်ရန်ကုန်မြို့အစွန်အနားရှိသော မြန်မာထမင်းဆိုင်ကလေးတစ်ဆိုင်မှာ သေးငယ်ကျဉ်းမြောင်းသော အခန်းကလေးတစ်ခုနှင့် နေရရှာလေ၏။

တင့်တင့်ထံသို့ သွားရောက်ပြီးသည့်နောက် ပေါ်ပေါက်၍ လာသော စိတ်အကြံသည် နောက်သို့မဆုတ်ဘဲ တစ်နေ့ထက်တစ်နေ့ တိုး၍သာ ထက်သန်၍လာလေ၏။ သို့သော်လည်း အဘယ်ကစ၍ အဘယ်ပုံ ကြံရမည်ကို တွေးဆ၍မရနိုင် ရှိရှာလေသတည်း။ မိမိအား အကြံပေးမည့်သူ ဟူ၍လည်း မရှိ။ မည်သူ့ကိုမျှတိုင်ပင်ခြင်းကိုလည်း မပြုဝံ့ချေ။ မိမိ၏အကြံကို မိမိစိတ်ထဲ၌သာ သိုသိပ်စွာထားလျက် တကြိတ်ကြိတ်နေရလေ၏။

တစ်နေ့သ၌ ရဲရင့်သောအကြံတစ်ခု ပေါ်ပေါက်၍လာလေ၏။

mgyoe.com

mgyoe.com


ထိုအကြံသည်ကား အခြားမဟုတ် မိမိ၏အမှုကိုစစ်ဆေးစီရင်သော တရားသူကြီးဦးမြတ်စံ၏ထံသို့ သွားရောက်အကြံအစည်တောင်းရန် စိတ်အကြံဖြစ်လေ၏။ တရားသူကြီးဦးမြတ်စံသည် အလွန်တရာ ဖြောင့်မတ်လျက် ကြင်နာထောက်ထား၊ သနားညှာတာတတ်သူ တစ်ယောက်ဖြစ်ကြောင်းကို တစ်မြို့လုံးအသိဖြစ်လေရာ အဘယ်နည်း နှင့်မဆို မိမိအား အကြံကောင်း၊ အစည်ကောင်းကို ရပေလိမ့်မည်ဟု မျှော်လင့်လေ၏။

တနင်္ဂနွေနေ့တွင် ဝင်ဆာလမ်းရှိ ဦးမြတ်စံ၏အိမ်သို့ ရောက်သွားလေ၏။ အိမ်ရှေ့ဧည့်ခန်းတွင် အတန်ကလေးကြာစွာ ရပ်၍ စောင့်နေရာတွင် ကုလားအစေခံတစ်ယောက် ထွက်၍လာရာ တရားဝန်ကြီး ဦးမြတ်စံ ရှိ မရှိကို မေးလေ၏။

ထိုအခိုက်တွင် တရားဝန်ကြီးသည် မိမိ၏သမီး တင်မေကြီးနှင့် အတူ နံနက်စာစားပြီးနောက် စားပွဲတွင်ထိုင်လျက် စကားပြော၍ နေလေ၏။ တင်မေကြီး၏မောင်ဖြစ်သူ မောင်ဘဟန်သည်လည်း ဒါရ်ဂျီလင်မြို့မှ ကျောင်းပိတ်သဖြင့် ယခုပင် ရောက်၍လာသောကြောင့် သုံးယောက်သား ပျော်ရွှင်စွာစကားပြော၍ နေကြလေ၏။

**ဘဟန်**။ ။ "ဘယ့်နှယ်လဲဖေဖေ၊ ဖေဖေကို အတော်ပဲပြောဆို နေကြပါကလား၊ သတင်းစာတွေထဲမှာလည်း ကျွန်တော်ဖတ်ရတယ်"

**တင်**။ ။ "ဘာတွေကို ပြောနေကြသလဲ ကိုကို"

**စံ**။ ။ "ဟိုအမှုအကြောင်းဟာပေါ့ သမီးရယ်၊ မတရားသဖြင့် တရားခံကို လွှတ်ပစ်တယ်လို့ ဆူကြပူကြတာပေါ့"

**ဟန်**။ ။ "လွှတ်ပုံကလည်းအတော်ထူးဆန်းတာပဲ၊ သို့သော် လည်း ဖေဖေ သည်လူဟာ အမှန်သည်လောက်ဆိုးတဲ့အမှုကို ပြုမယ် မထင်ပါဘူး။ အမှုကလည်း ထင်ရှားအားကြီးတယ်။ ထင်ရှားလွန်း

mgyoe.com

mgyoe.com


သည့်အတွက် ကျွန်တော် မသကာတာပါပဲ"

တင်။ ။ "လောကမှာ မတွေးမတောတဲ့အရာတွေဟာ များစွာဖြစ်တတ်ပါတယ်။ တိုင်းပြည်က သည်လူအပေါ်မှာ သည်လောက်တောင် အငြိုးထားရင် သည်လူမှာအပြစ်မရှိဘူးလို့ထင်တာပဲ။ ရန်ကုန်မှာရှိတဲ့လူတွေဟာ အင်မတန်ရယ်စရာကောင်းတယ် ဖေဖေ။ အပြောအဆို အဆူအညံများပြီး ရောတတ် ယောင်တတ်တဲ့လူတွေများတယ်။ အတွေးအခေါ်ရှိသူက အတော်နည်းတာပဲ။ သတင်းစာတွေကတောင် များရာကိုလိုက်ပြီး မစဉ်းမစား အကြိုက်ကို ရေးတတ်ကြပါတယ်။ အခုခေတ်ကာလ သတင်းစာဆရာလုပ်ဖို့ရန် ပညာဉာဏ်အမြော်အမြင်မလိုဘူး၊ ပြည်သူအများ လိုလားတဲ့ စိတ်ကိုလိုက်ပြီး၊ အလိုက်သင့်ရေး။ အဆဲကလေးနည်းနည်းတတ်ရင် အယ်ဒီတာအတတ်မှာ တစ်ဖက်ကမ်းခတ်တယ်လို့ ဆိုရမှာပဲ။ အခုအမှုမှာ သတင်းစာတွေက သာပြီးကဲနေတာပါပဲ။ သည်လူအခု ဘယ်မှာများနေရှာပါလိမ့်မလဲ မသိဘူး"

ဟန်။ ။ "သည်လူကို အခုသပိတ်မှောက်ကြတယ်လို့ ကြားရတယ်။ သူနဲ့ ဆေးဖော်ကြောဖက်လုပ်တဲ့လူများ။ သူ့ကို အလုပ်ပေးတဲ့လူများတောင် သပိတ်မှောက်ခံရတယ်လို့ ပြောနေကြပါကလား"

စံ။ ။ "အင်း လူဆိုတာ တစ်ယောက်တည်းရူးတော့ အရူးလို့ခေါ်တယ်၊ အများနဲ့ရူးတော့ဝံသာနုရက္ခိတလို့ခေါ်တာကလား။ နောက်ဆုံးကျတော့ ပြီးပြီးပျောက်ပျောက် ဖြစ်သွားတာပါပဲ"

တင်။ ။ "တင်မေကြီးဖြင့် သည်လူကို မမြင်ရဘဲနဲ့ အင်မတန်မှဘဲသနားတာပါပဲ"

ထိုအခိုက်တွင် အစေခံကုလားသည် စာကလေးတစ်စောင်ကို လာ၍ပေးလေရာ၊ တရားဝန်ကြီးသည် ထိုစာကိုဖတ်လျက် များစွာ

mgyoe.com

mgyoe.com


အံ့အားသင့်သောအမူအရာကို ပြလေရာ တင်မေကြီးက ဘယ်လို အကြောင်းများပါလိမ့်လဲဟု ဖခင်ကိုတောက်ပဝင်းထိန်သော မျက်လုံး များနှင့်ကြည့်ပြီး "ဘာလဲ ဖေဖေ"ဟု မေးလေ၏။

စံ။ ။ "အင်မတန် ထူးဆန်းတာပဲသမီးရေ ဖေဖေတို့ သူ့ အကြောင်းကို အခုပဲပြောနေရင်း ရောက်လာတယ်။ ဘယ်လို အကြောင်းလဲမသိဘူး။ ဖေဖေထွက်ပြီး ကြည့်လိုက်ဦးမယ်"ဟု ပြောပြီး ထ၍ ဧည့်ခံခန်းသို့ ထွက်လာလေရာ မောင်သာစုနှင့်တွေ့၍ နေလေ၏။

တရားဝန်ကြီးသည် ဣန္ဒြေနှင့် မောင်သာစုကိုကြည့်ပြီး တစ်ခုသော ကုလားထိုင်မှာ ထိုင်လေ၏။ မောင်သာစုကိုလည်း ထိုင်ရန် ကုလားထိုင် ပြလေ၏။ မောင်သာစုသည် ငြိမ်သက်စွာထိုင်လေ၏။

စံ။ ။ "မောင်ဘာအလိုရှိသလဲ"

စု။ ။ "ဝန်မင်းကြီးသိတဲ့အတိုင်း ကျွန်တော့်မှာ အပြစ်မရှိဘဲ ဒုက္ခတွေ့နေရပါတယ်။ ဘယ်မှလည်း ကျွန်တော် အလုပ်ကိုမရနိုင်ဘူး၊ ကျွန်တော်စာမေးပွဲကို ဆက်လက်ပြီးဝင်ဖို့လည်း အင်မတန် ခက်ခဲနေ ပါတယ်၊ သည်အတွက် ကျွန်တော်၏အပေါ်မှာ အပြစ်မရှိကြောင်းကို တိုင်းပြည်သိအောင် ပြုချင်ပါတယ်။ သည်အမှုမှာ သတ်တဲ့သူကို မတွေ့မချင်းရှာဖို့ရန် စိတ်အကြံပြုထားပါတယ် သို့သော်လည်း အခု အတွင်းမှာ အဘယ်ပုံ ကြံစည်ရမည်ဆိုတာကို တွေးဆလို့မရနိုင်အောင် ရှိနေတာပါပဲ၊ သည်အတွက် ဝန်မင်းကြီးလည်း ဆင်းရဲသူတို့ကို ထောက်ပံ့တတ်သူဖြစ်ကြောင်း သိတာနဲ့ ကျွန်တော်လာခဲ့တာပါပဲ"

စံ။ ။ "ဘယ်လိုထောက်ပံ့ရမလဲ"

စု။ ။ "အကြံအစည်ကလေးများကို ပေးနိုင်ရင် ပေးဖို့ရန် အသနားခံဖို့ လာတာပါပဲ"။

စံ။ ။ "အင်မတန်ခက်တယ်၊ ပြည်သူ၏ထင်မြင်ချက်ဆိုတာ

mgyoe.com

mgyoe.com


ခုခံဖို့ အင်မတန်ခက်တာပဲ။ သတ်တဲ့သူကိုစုံစမ်းလို့ရဖို့ရန် အင်မတန် ခက်လိမ့်မယ်။ ပုလိပ်တွေ၊ စုံထောက်တွေရှာကြံလို့မရတာကို မောင် တစ်ယောက်တည်း ရှာကြံပေးမဲ့အချိန်ကုန်ရုံရှိမှာပဲ"ဟု မောင်သာခု၏ မျက်နှာကို သေချာစွာကြည့်လျက် မိမိ၏စိရင်ချက် မှားသည် မှန်သည် ကို တွေးတောသကဲ့သို့ နေလေ၏။

ခု။ ။ "အခုလိုမတရားသဖြင့် တစ်ပြည်လုံး အထင်ခံနေရ ခြင်းဟာ ကျွန်တော့်မှာ အင်မတန် ဝန်လေးပါတယ်"။

စံ။ ။ "တစ်ရပ်တစ်နယ်ကိုသွားပြီး နာမည်ကို ပြောင်းလဲ လုပ်ကိုင် ကြံစည်နေထိုင်ရင် သာပြီးမကောင်းဘူးလား။ ယိုးဒယားကို မောင်သွားရင် အင်မတန်ကြီးပွားဖို့ လမ်းရှိတာပဲ"။

မောင်သာခုသည် စကားပြန်၍မပြောဘဲ စဉ်းစား၍နေလေ၏။ ထိုအခိုက်တွင် တင်မေကြီးတို့မောင်နှမထွက်၍လာကြလေရာ၊ တရား ဝန်ကြီးက ၎င်းတို့ကို မိမိအနီးတွင်ခေါ်၍ အထိုင်ခိုင်းပြီး၊ မောင်သာခု၏ အကြောင်းကို ပြောပြလျက် မောင်သာခုသည် မိမိ၏နာမည်ကို စင်ကြယ်အောင် ပြုဖို့ရန်အတွက် သတ်တဲ့လူကို စုံထောက်ဖို့ ကြံစည် နေကြောင်းကို ပြောပြလေ၏။

တင်မေကြီးက မောင်သာခု၏ မျက်နှာကိုကြည့်လျက် "အကောင်း သားပဲ ဖေဖေ၊ သည်ထက်ကောင်းတာတော့ မရှိတော့ဘူး"ဟု ပြော လေ၏။

မောင်ဘဟန်က။ ။ "ယောကျ်ားဆိုတာဒီလိုမှပေါ့ ဖေဖေရဲ့"။

တရားဝန်ကြီးက။ ။ "ဖေဖေကတစ်ရပ်တစ်နယ်ကိုပြောင်းပြီး နာမည်ပြောင်းနေဖို့ အကြံပေးတယ် မကောင်းဘူးလား"

တင်မေကြီး။ ။ "သည်ဟာတွေကတော့ လွယ်တဲ့နည်းပါပဲ ဖေဖေရဲ့၊ သို့သော်လည်း မောင်သာခုသည် တင်မေကြီးနှင့် မောင်ဘဟန်

mgyoe.com

mgyoe.com


ကို စိတ်ထဲ၌ ကျေးဇူးတင်ကာ ကြည့်ပြီး "ဝန်မင်းကြီးပေးတဲ့ အကြံအတွက် ကျွန်တော် အင်မတန်ပဲ ကျေးဇူးတင်တာပဲ၊ သို့သော်လည်း ကျွန်တော့်မှာတော့ သည်အမှုကို ပေါ်အောင်မဖော်ရလျှင် ဘယ်အခါမျှ စိတ်လေပျောက်တော့မည် မဟုတ်ပါ။ သည်အတွက် ကျွန်တော်ဖြင့် အစွမ်းကုန်ကြိုးစားရတော့မှာပဲ။ အခွင့်သာ ပြုပါတော့ခင်ဗျာ။ ကျွန်တော် အလကားသက်သက်လာပြီး နှောင့်ယှက်သလို ဖြစ်နေတယ် ထင်ပါရဲ့" ဟု ပြောပြီး ထိုင်ရာမှထလျက် တင်မေကြီးနှင့် မောင်ဘဟန်ကို ကြည့်ကာ နှုတ်ဆက်သောအနေနှင့် ခေါင်းညိတ် ပြုံးပြီးလျှင် ထွက်သွားလေ၏။ တရားဝန်ကြီးနှင့်အတူ မောင်နှမ နှစ်ယောက်တို့သည်လည်း ထိုင်ရာမှ ထကြလျက် ခေါင်းညိတ်ကာ ၎င်းကိုကြည့်ရင်း ရပ်၍ နေရစ်ကြလေ၏။

တင်မေကြီးပြောသော အနည်းငယ်မျှသော စကားတို့သည် မောင်သာစု၏စိတ်၌ ထက်သန်သောအားအရှိန်ကို တိုးတက် ပေါ်ပေါက်စေ၏။ ဤအမှုကို မပေါ်မချင်း စုံစမ်းရန် စိတ်အကြံသည် ထက်သန်စွာ တိုးတက်ကြီးမား၍ လာလေ၏။

mgyoe.com

mgyoe.com

# အခန်း (၃)

မောင်သာခုသည် မိမိ၏ကြီးကျယ်သောအကြံကို ဘယ်ပုံအထမြောက်အောင် ကြံရမည်။ အဘယ်ကစ၍ အဘယ်ပုံ လိုက်လံစုံထောက်ရမည်ကို မကြံတတ်အောင်ရှိလေ၏။

ထိုအလုပ်သည် ကြီးမားဝန်လေးသော အလုပ်ဖြစ်လေရာ ငွေကြေးပြည့်စုံမှသာ တတ်နိုင်ဖွယ်ရာရှိလေ၏။ မောင်သာခုမှာ အဝတ်အစားတို့ကိုသာ တစ်ထည်ပြီးတစ်ထည်ပေါင်နှံရလေရာ နောက်ဆုံး၌ မြို့ ပုဆိုးအနက်တစ်ထည်နှင့် သက္ကလတ်အင်္ကျီအနက်တစ်ထည်၊ ရှပ်အင်္ကျီ နှစ်ထည် သုံးထည်မျှသာ ကျန်ရှိလေ၏။ ထိုကျန်ရှိသောအဝတ်အထည်တို့မှာ ပေါင်နှံ၍မရအောင် ဟောင်းနွမ်းသော အဝတ်အထည်များ ဖြစ်ကြလေရာ တစ်စတစ်စမိမိ၌ရှိသမျှသော စာအုပ်များကိုဖရေဇာလမ်းတွင် ရှိသော စာအုပ်ဆိုင်တစ်ဆိုင်သို့ သွားရောက် ရောင်းချရလေ၏။ ၎င်း စာအုပ်ဆိုင်ရှင်မှာ မြန်မာစကားကို ကောင်းစွာတတ်သော ရန်ကုန်မြို့သား ရှေးမြန်မာကုလား လူဟောင်းကြီး

mgyoe.com

mgyoe.com


တစ်ယောက်ဖြစ်လေရာ ၎င်း၏ စိတ်နေသဘောထားမှာ ဗုဒ္ဓဘာသာ မြန်မာအစစ်ကြီးတစ်ယောက်ကဲ့သို့ ဖြစ်၍နေလေ၏။ စင်စစ်မှာကား ၎င်းသည်ဇေဒဘာဒီခေါ်သော ကုလား ကပြားမျိုး ဖြစ်လေ၏။

၎င်းဇေဒဘာဒီကုလားကြီးဦးသာဖံသည် မကြာခဏ စာအုပ်များကို လာ၍ရောင်းသော မောင်သာစုကို မျက်မှန်းတန်းလျက် မှတ်မိ၍နေလေ၏။

နောက်ဆုံး၌ စာအုပ်များကိုရောင်းချစရာမရှိ လက်ထဲ၌ ကြေးစအနည်းငယ်သာ ကျန်ရှိလေရာ များစွာ အကြံရကျပ်၍နေလေ၏။ ယင်းကဲ့သို့ အကြံရကျပ်၍ နေလေရာ၊ အဘယ်မှာမျှ အားကိုးရာ မရတော့သည်ဖြစ်သောကြောင့် မကြံတတ်၊ မစည်တတ်သဖြင့် မြို့ထဲတွင် ညဥ့်တစ်ညဥ့်၌ ရောက်ရာပေါက်ရာသို့ လျှောက်သွားလေ၏။ ၎င်း၏ စိတ်၌ လောကကြီး၏ ဆိုးသွမ်းရက်စက်ခြင်း အကြောင်းတို့ကို တွေးတောကာ သွားလေ၏။ အချို့သောဆိုင်များ ဟိုတယ်များ၌ အဖိုးထိုက်တန်လှစွာသော အဝတ်အစားတို့ကို ဝတ်ဆင်ကာ၊ မော်တော်ကား၊ ရထားတို့နှင့် လာရောက် ဝယ်ခြမ်းသုံးစွဲစားသောက်ပျော်ပါးကြသော လူများကို မြင်ရသောအခါ ဤလူများ မော်တော်ကားတစ်ပတ်စီးသော စရိတ်များကို မိမိကဲ့သို့ ဆင်းရဲသောသူ များစွာတို့ ရရှိကြလျှင် တစ်လစာ အသက်မွေးလောက်ကြောင်းကို တွေးတောလျက် မမျှမတသော လောကကြီး၏ အခြေအနေကို မုန်းထားလေ၏။ သို့ပင် မုန်းထားသော်ငြားလည်း ဤလူတို့သည် မိမိကဲ့သို့သော သူတို့ အပြစ်မရှိဘဲ ဆင်းရဲဒုက္ခတွေ့ရသည်ကိုပင် သိပါလျက် လျစ်လျူရှုကြခြင်း မဟုတ်၊ အထင်အမြင်မှားခြင်းကြောင့်သာ မိမိကို ရက်စက်ပြုစု ပစ်ပယ်ကြလေသည်တကားဟု တရားနှင့် ဖြေရှာလေ၏။

သို့ပင်ဖြေသော်ငြားလည်း မိမိအား ပစ်ပစ်ခါခါပြုလုပ်၍

mgyoe.com

mgyoe.com


ထားကြသော ဤများစွာသောလူတို့သည် ဟုတ်ရာမှန်ရာကို နှစ်နှစ်ကာကာ တွေးတောခြင်းမပြု။ အများယောင်၍ယောင်ကာ အပြစ်မရှိသောသူတစ်ယောက်အပေါ်၌ နစ်နာအောင် ပြုကြလေသည် တကားဟု တွေးလိုက်ပြန်သောအခါ ကမ္ဘာလောကကြီးတစ်ခုလုံးသည် ရန်သူကဲ့သို့ ဖြစ်၍သွားလေ၏။ သို့သော်ငြားလည်း ကံသာအမိ၊ ကံသာအဖ သတ္တဝါတို့၌ ဖန်တီးစီမံအပ်သော ကံကြမ္မာသည် အခွင့်အလှည့်အားလျော်စွာ ကောင်းကျိုး၊ မကောင်းကျိုးကို ပေးအပ်သဖြင့် ယောကျ်ားတို့၏ လုံ့လကို မလျှော့သောသူတို့မှာ မကောင်းသော ကံကြမ္မာတည်းဟူသော ဒီဆိုင်ဝဲမှ တစ်နေ့သည် လွတ်မြောက်ရမြဲဖြစ်သည့်အကြောင်းကို တွေးလိုက်ပြန်သောအခါ တစ်ဖန် အားတက်၍ လာပြီးလျှင် တင်မေကြီး၏အားပေးစကားသည် တင်မေကြီး၏ ချစ်ဖွယ်သောမျက်နှာကလေးနှင့် အတူတကွ မိမိ၏ရှေ့တွင် ပေါ်ပေါက်၍ လာလေ၏။ ထိုကဲ့သို့ ပေါ်ပေါက်၍လာသည့်အခါတိုင်း အားသစ် တစ်ဖန်တိုးတက်၍ လာသောကြောင့် တင်မေကြီးသည် ဤကြီးမားသောတာဝန်၌ အသက်ဓာတ်သဖွယ်ဖြစ်နေလေ၏။

ယင်းကဲ့သို့ တစ်ကိုယ်တည်း လောက၌ရှိသမျှသောသူတို့နှင့် စိတ်ထဲတွင် တစ်ခါတစ်ခါ ရန်ဘက်ဖြစ်ကာ တစ်ခါတစ်ခါ တရားနှင့် ပြရှာလျက် အပြန်ပြန်အလှန်လှန် အဖန်ဖန်တွေးတောရင်း သွားရှာလေရာ ဆူးလေဘုရားလမ်း ဆိပ်ကမ်းတံတားသို့ ရောက်သွားလေ၏။ မောင်သာစုသည် မြစ်ကမ်း၌တစ်ကိုယ်တည်း တစ်ခုသော မှောင်ရိပ်တွင်း လက်ပိုက်ကာ ရပ်လျက် မြစ်ဘက်ကိုမျှော်ကာနေလေ၏။ အေးမြကြည်လင်သော လေပြည်သည် တဖျုတ်ဖျုတ်ဝှေ့တိုက်ကာ၊ မြစ်ပြင်၌ရှိသော ရေများကို တသဲသဲဆူညံလှုပ်ရှားစေ၏။ ထိုအခါ (၈–နာရီခွဲ ၉–နာရီ) ခန့် အချိန်ဖြစ်လေရာ မြစ်ထဲ၌လှုပ်ရှားသွားလာ၍

mgyoe.com

mgyoe.com


နေကြကုန်သော သမ္မန် တုံကင်း သင်္ဘောငယ်တို့သည် ဆူညံစွာ သွားလာလျက်ပင် ရှိကြလေ၏။ အားလပ်စွာလေ ညင်းခံကြသော သူတို့သည်လည်း မဆိတ်ကြသေးချေ။ မောင်သာစု ရပ်၍နေသော နေရာမှာ လူသူလေးပါးအတော်ကလေး ပြတ်သဖြင့် ငြိမ်သက်စွာ တွေးတော၍နေရှာသောသူမှာ တွေးတောခြင်းအလုပ်၌ အနှောင့်အယှက် လုံးလုံးကြီးကင်း၍ နေလေ၏။

အပင်ပန်းဆုံးသော သမ္မန်ခတ်သမားသည် ယခုအခါ မိမိထက် စိတ်လက်ပျော်ရွှင်သူဖြစ်သည်ဟု မောင်သာစုစိတ်၌ အောက်မေ့ မိရှာလေ၏။ ဓာတ်မီးတွေကတထိန်ထိန်နှင့် သိန်အသရေကြီးစွာ ရပ်နား၍နေကြကုန်သော သင်္ဘောကြီးများ၌ စံစား၍နေကြသော သူတို့မှာမူ အဘယ်ပြော ဖွယ်ရာရှိပါအံ့နည်း။ အနီးအပါး၌တေးဆိုကာ ကမ်းခြေတွင်လူးလိမ့် လဲလျောင်း၍ နေကြကုန်သော အိန္ဒိယတိုင်းသား အချို့တို့၏အသံကို ကြားရသောအခါ ဤသူတို့၌ ကြောင့်ကြပူပန်ခြင်း သောက ကင်းငြိမ်းကြလျက် ကြီးစွာသောသုခကို ခံစားကြရ၏။ ငါသည်ကား ကြောက်မက်ဖွယ်ကောင်းလှသော အပြစ်ဒဏ်မှ ကံကောင်း ထောက်မသဖြင့် လွတ်မြောက်၍လာပါလျက် မတရားသဖြင့် ဤမျှလောက် ဆင်းရဲပူပန် ငြိုငြင်၍နေရလေခြင်း၊ စသည်ဖြင့် တွေးတောမိလေ၏။

ဘီ–အေ ဘီ–အယ်လ်ကို အောင်ပြီးနောက်၊ လူ့ပြည်တွင် လူတစ်လုံး လုပ်ကာ ရန်ကုန်မြို့တွင် သမ္ဘာထိန်လင်း ဝင်းဝင်းတောက်ပ၍ နေရမည့်အရေးကို တွေးတောမျှော်လင့်ခဲ့သမျှသော စိတ်တို့သည် ယခုအခါ အကုန်အစင် ပျောက်ပျက်ကာ ယခု လက်ငင်း စားသောက် နေထိုင်ရဖို့အရေးအတွက် ပူပင်၍နေရန် မိမိ၏ဂုဏ်သတင်းနာမည် ပျက်စီးခြင်းကို ပြုပြင်မည်ဟူသော အဓိဋ္ဌာန်၏အစား ယခုလက်ငင်း လူချင်းတူတူ သူချင်းမျှမျှနေနိုင်ဖို့အရေးကို တွေးကြံ၍မရနိုင်အောင်

mgyoe.com

mgyoe.com


ရှိရှာလေ၏။ ၎င်း၏အဝတ်အစားသည် ကျနသားနားသော်လည်း ဟောင်းနွမ်း ယိုယွင်းလျက် လူထဲကိုဝင်ဖို့ရန်ပင် များစွာခက်၍နေလေ၏။ အဘယ်ကို သွား၍ အဘယ်ကို ကြံစည်ရမည်နည်းဟူသော တွေးတောခြင်းမျိုးတို့သည် ဖြေရှင်း၍မရနိုင်အောင် ပေါ်ပေါက်၍လာလေ၏။ တစ်ခါ တစ်ခါ ထက်သန်စူးရှစွာ အော်ဟစ်၍ တေးဆိုသော စစ်တကောင်း ကုလားတို့၏အသံများကို ကြားရသောအခါ အားငယ်ငြိုငြင်စိတ် လက်မရှောင်ခြင်းသည် တိုးတက်၍ လာလေ၏။ ထိုအသံတို့သည် မောင်သာစု၏စိတ်၌ အမင်္ဂလာသံများကဲ့သို့ ဖြစ်နေလေ၏။ စင်စစ်မှာသော်ကား မောင်သာစု၏စိတ်၌ ဤလောက လူ့ပြည်တစ်ခုလုံးသည် သုသာန်ကဲ့သို့ ဖြစ်၍နေလေ၏။ မိမိ၏မျှော်လင့်အားကိုးရာ အသက်တမျှ ချစ်လှသော ရည်းစားတင့်တင့်ကိုယ်တိုင် မိမိကိုရှောင်ကြဉ်ကာ စွန့်ပယ်၍ထားလေရာ အသို့လျှင် ဖြေဖျော်ရာရနိုင်ပါမည်နည်း။ သို့သော်လည်း တင့်တင့်နှင့်တကွ၊ တင့်တင့်၏ဖခင်ပွဲစားကြီး၏ စိတ်နေသဘောထား သေးသိမ်ခြင်းအကြောင်းကို တွေးလိုက်ပြန်သောအခါ "သူတို့က ငါ့အပေါ်မှာ ပစ်ပစ်ခါခါပြုသော်လည်း ဝမ်းမနည်းလောက်ပါဘူးလေ"ဟု မိမိစိတ်ကို နှစ်သိမ့်အောင် ဖြေရှာလေ၏။

"မီးကလေးတစ်ခြစ်ပေးစမ်းပါခင်ဗျာ" ဟူသော အသံစကားကို မောင်သာစုသည် ကြားရသဖြင့် နောက်သို့လှည့်ကာ ကြည့်လိုက်လေရာ သားနားစွာဝတ်ဆင်ထားသော ယောကျ်ားပျိုတစ်ယောက်ကို မြင်ရလျက် မိမိအိတ်ကို ကိုင်စမ်းကာ ခေါင်းခါလျက် မရှိပါဘူးခင်ဗျာဟု ပြန်ပြောလေ၏။

ထိုသူသည်အခြားသို့ထွက်မသွားဘဲ အပါးသို့ တိုးကာ ကပ်လျက် မောင်သာစုမျက်နှာကိုကြည့်ပြီး "ခင်ဗျားဘယ်သူလဲ၊ ဘယ်ကလဲ" ဟု

mgyoe.com

mgyoe.com


မေးလေ၏။

မောင်သာစုက "ယခုအခါမှာတော့ ဘယ်ကမှလဲ မဟုတ်ပါဘူး၊ ခင်ဗျား ကျုပ်ကို ဘယ်အတွက်မေးပါသလဲ"။

ထိုအခါ ၎င်းလူက "ခင်ဗျားမျက်နှာ တယ်ပြီး မသာယာ၊ ဘာအကြံများပြုနေသလဲဆိုတာ သိချင်လို့မေးတာပါ"

မောင်သာစုက။ ။ "ဟုတ်ကဲ့၊ ကျုပ် အခု စိတ်လက် တယ်မချမ်းသာလို့၊ တစ်ယောက်တည်း အကြံယူနေပါတယ်၊ ခင်ဗျားကော ဘယ်သူလဲ"

"ကျုပ်တော့သည်လိုပေါ့လေ၊ နေပါဦး ဘာအကြံလဲ၊ ခင်ဗျား အဖြစ်ကို ပြောပြစမ်းပါ"။

မောင်သာစု။ ။ "ကျုပ်အဖြစ်အပျက်ကိုပြောစရာမလိုပါဘူး၊ ကျုပ်ဟာ လူသတ်မှုကလွတ်လာတဲ့ မောင်သာစုဆိုတာပါပဲ"။

ထိုအခါ မေးလာသောသူသည် အံ့အားသင့်သောလက္ခဏာနှင့် နောက်သို့ဆုတ်ခွာပြီး "ဩော် သိပြီ၊ သိပြီ ခင်ဗျားမှာ ဘွိုင်ကော့ဆိုတာ ထိနေမှကိုး။ အခု အလုပ်အကိုင်မရှိသေးဘူးမဟုတ်လား"

မောင်သာစု။ ။ "ခင်ဗျားကျုပ်ကိုအလုပ်ပေးမလား"

"သည်လိုလေ၊ စိတ်တူသဘောတူလူချင်းကို တွေ့လို့ ပြောရတော့မှာပေါ့။ ကျုပ်လည်း လူကောင်းမဟုတ်ဘူး။ သို့သော်လည်း ခင်ဗျား လောက်တော့ နာမည်မဆိုးဘူး။ သို့သော်ငြားလည်း ဘယ်သူက ဘယ်လိုပြောပြော။ ကျုပ်သဘောက အများသဘောနဲ့ သည်နေရာမှာ အတော်ပဲ ကွဲလွဲပါတယ်။ တစ်ကမ္ဘာလုံးက ဘွိုင်ကော့ပြုပေမဲ့ ကျုပ် သဘောမှာ မပေါင်းအပ်တဲ့လူရယ်လို့ မရှိပါဘူး။ သူ့နေရာနဲ့သူ ပေါင်းအပ်တဲ့လူချည်းပါပဲ။ သည့်အတွက် ခင်ဗျားကို ဘွိုင်ကော့လုပ်တဲ့အထဲမှာ ကျုပ်မပါပါဘူး။ ဒါထက် အခု ခင်ဗျားမှာ ငွေမရှိဘူး မဟုတ်လား"။

mgyoe.com

mgyoe.com


မောင်သာစု။ ။ "ကျွန်တော့်မှာ ဆေးလိပ်သောက်ဖို့တောင် ပိုက်ဆံမရှိဘူး"။

"သည်လိုပါ မိတ်ဆွေရဲ့၊ ဘယ်သူကဘယ်လိုပဲထင်ထင် ဘယ်လိုပဲပြောပြော ချီးမွမ်းရင် ၇-ရက်။ ကဲ့ရဲ့-၇ရက်တဲ့။ သည့်ပြင် လည်း ပုထုဇ္ဇနောဥမ္မတ္တကော ဆိုတာလို အရူးထကြလို့ ခင်ဗျားကို သပိတ်မှောက်ကြတာပါ။ သည်လူတွေဟာ မျိုးချစ်ပုဂ္ဂိုလ်တွေချည်း လည်း မဟုတ်ပါဘူး။ ဘယ်သူဘယ်လိုဖြစ်ဖြစ် တို့မြေးအဘွားများ ချမ်းသာရ ပြီးရောဆိုတဲ့လူစုတွေလည်း အများကြီး ပါရှိပါတယ်။ ကျွန်တော်ဟာ လူကောင်းမဟုတ်ဘူး ဆိုသော်လည်း အင်မတန်ကြီး ဆိုးယုတ်မာတဲ့လူတော့ မဟုတ်ပါဘူး။ သူတို့လို ဟန်ဆောင်သမား တော့ မဟုတ်ဘူးလေ။ ကိုယ်လိုလူချင်း ဆင်းရဲနေတာကို တွေ့ရတော့ အင်မတန်ပဲ ကိုယ်ချင်းစာတတ်ပါတယ်။ သည်တော့ ကျုပ်မှာ အလုပ် ကလေးတစ်ခုရှိနေတဲ့အခိုက် မိတ်ဆွေနဲ့တွေ့ရတာ မိတ်ဆွေ၏ ကုသိုလ်ပါပဲ"။

သာစု။ ။ "ဘယ်လိုအလုပ်ပါလဲ မိတ်ဆွေ"။

"ခင်ဗျားသည်အရာမှာ တယ်ကြီး မကျက်သေးဘဲကိုး။ အလုပ် ဆိုတာ ဟိုဟာမျိုးပေါ့ခင်ဗျာဟု အပါးကိုကပ်ပြီး တီးတိုးသံနှင့် "ခင်ဗျား လုပ်ပါ့မယ်လို့ ကတိထားမလား"ဟု ပြောလေ၏။

သာစု။ ။ "လုပ်ပါတယ်။ ပြောသာပြောပါ။ နေရာကျရင် လုပ်ရတာပေါ့"

မောင်သာစုမှာ အလွန်တရာဆင်းရဲလျက် ဤလူ့ပြည်လောက သည် တရားသဖြင့် အသက်မွေးဖို့ကောင်းတဲ့လောက မဟုတ်။ မတရားသဖြင့် အသက်မွေးပြီး လူတစ်လုံးသူတစ်လုံးလုပ်နိုင်မှ လူထဲမှာ လူဟုတ်ဖြစ်ဖို့ ရှိသည်ဟု စိတ်ကိုလျှော့ကာထားပြီး တစ်ခဏအတွင်း

mgyoe.com

mgyoe.com


ဆင်းရဲခြင်း၏ ဖိနှိပ်ခြင်းကြောင့် စိတ်သဘော ဆုတ်နစ်ခြင်းသို့ ရောက်စပြုပြီးလျှင် လူကိုပင် သတ်ရစေတော့၊ ထင်ရာကို ပြုပါတော့မည်ဟု အောက်မေ့လေ၏။

"အလုပ်ဆို သည်လိုပါမိတ်ဆွေရဲ့၊ တစ်ကိုယ်မှ ထောင်လေးငါးရာစီလောက် ရပြီဆိုမှဖြင့် ဘာပူစရာရှိမလဲ။ မိတ်ဆွေစွန့်ဝံ့ရင် "ဘုံး"တဲ့ အလုပ်ကလေးတစ်ခုကိုလုပ်ဖို့ရန် အချက်ကောင်းတစ်ခု ပေါ်နေတာကလား။ ဘယ်လိုအချက်လဲဆိုတော့ ရေနံချောင်းက လင်မယားနှစ်ယောက် မိဘသဘောမတူဘဲ ညားပြီး ပြေးလာကြတယ်။ အခု လမ်း–၄၀ထဲမှာ အခန်းငှားပြီး နှစ်ယောက်နေတာ ကလား။ ယောက်ျားလုပ်တဲ့ ငနွားက အရက်တွေသောက်စားပြီး မယားကို အိမ်မှာထား၊ သွားချင်ရာသွားနေတာပဲ။ အခုညလည်း ဘိုင်စကုတ်မှာ သန်းခေါင်တိုင်နေပြီး မော်တော်ကားလျှောက်စီးထွက်လိမ့်မယ်။ သူ့မိန်းမမှာ စိန် သုံးထောင်ကျော် လေးထောင်ဖိုးလောက်ကို ဝတ်ပြီး အိမ်မှာတစ်ယောက်တည်း နေရရှာတယ်။ သည်လောက်မိုက်တဲ့ အကောင်ကို တစ်ခါမှမကြုံဖူးဘူး။ ကောင်မကလေးမှာ အထိတ်ထိတ် အလန့်လန့်နှင့် နေရရှာတယ်။ အင်မတန်သနားစရာ ကောင်းတာပဲ။ အဲသည်ဟာထက် ကောင်းတဲ့အချက်ဟာဖြင့် မရှိဘူး။ ကျုပ်မှာ အဖော်လိုနေတယ်။ အခုအခါမှာ ယုံကြည်ရတဲ့အဖော် အင်မတန် ရှားတာကလား။ မိတ်ဆွေတော့ မျက်နှာကို မြင်လျှင်မြင်ချင်း ယုံကြည်ရမယ်ဆိုတာ ကျုပ်သိပါတယ်။ ဘယ့်နှယ်သဘောရလဲ"။

မောင်သာစုသည် အတန်ကလေးစဉ်းစားပြီး ငါမြစ်ထဲကို ခုန်ချပြီး သေလောက်အောင် စိတ်ညစ်နေတဲ့လူတစ်ယောက်ပဲ။ သည်လောက်အလုပ်ကို ဘယ်အတွက် မလုပ်ဝံ့ဖို့ရှိရမလဲဟု စိတ်ထဲတွင် အောက်မေ့ကာ အကောင်းသားပဲ မိတ်ဆွေဟု မယုတ်မလွန် ပြောလေ၏။

mgyoe.com

mgyoe.com


"မိတ်ဆွေ ကျုပ်နဲ့ လိုက်မလား။ စိတ်ကိုနိုင်ရဲ့လား"။

"သည်လိုပါလေ စဉ်းစားပါရစေဦး၊ မတော်တဆ မိနေတော့ ဘယ့်နှယ်လုပ်မလဲ"။

"အို . . . သည်အတွက်တော့ ဘာမှပူစရာမရှိဘူး။ ကျုပ်နေရာကျ စီမံပြီးသားပါ။ ရန်ကုန်မြို့က ပုလိပ်ဆိုတာတော့ ကျုပ်တို့က ဘောလုံးထင်တာကလား။ ဒါထက် ခင်ဗျား ထမင်းမစားရသေးဘူးထင်တယ်။ လာလေ ဟိုတယ်ဆိုင်တစ်ဆိုင်ကိုသွားပြီး အေးအေးဆေးဆေးတိုင်ပင်ကြရအောင်"ဟု ပြောကာ၊ မောင်သာစု၏လက်ကို ဆွဲလေ၏။ မောင်သာစုလည်း နဂိုကမှ မွတ်သိပ်ဆာလောင်နေသောကြောင့် လိုက်ပါ၍သွားလေ၏။

ထိုကဲ့သို့ သွားခိုက်မှာ ထိုအကြောင်းကို အထပ်ထပ်စဉ်းစားရင်း စိတ်အားကို မကောင်းသောလမ်းသို့ နင်းကန်၍ပို့လေ၏။ မောင်သာစုစိတ်သည် ဒုစရိုက်၏နက်လှစွာသော ချောက်ကမ်းပါးအစွန်းသို့ ရောက်၍နေလေ၏။ ထိုကဲ့သို့နေခိုက်တွင် မိမိကိုယ်စဉ်က ကောင်းမြတ်သောအလေ့အကျင့်ကို နမူနာပြ၍ သင်ကြားဆုံးမခဲ့သော မိခင်၏ မျက်နှာသည် မိမိ၏ရှေ့၌ ဝမ်းနည်းစွာ ပေါ်ပေါက်၍လာသကဲ့သို့ ထင်မြင်ရလေ၏။ ထို့နောက် တင်မေကြီး၏မျက်နှာသည် မိမိ၏ ရှေ့တွင် ပေါ်ပေါက်၍လာပြန်လေရာ လမ်းလျှောက်ရာ၌ ရုတ်တရက်ရပ်ပြီး၊ "ကျုပ် ဟိုတယ်ကို မလိုက်ပါရစေနဲ့တော့ မိတ်ဆွေ။ မိတ်ဆွေ ပြောတာကို လုပ်ချင်စိတ်မရှိတော့ဘူး"ဟု ပြောကာ ထွက်ခွာ၍ သွားမည့်ဟန်နှင့် နံ့ဘေးကိုဖယ်၍ ကွယ်မည်ပြုလေ၏။

ထိုအခါ ၎င်းလူက လက်ကိုဆွဲလျက်၊ ရယ်မောကာ မောင်သာစု၏ မျက်နှာကိုကြည့်ပြီး "တယ်ညံ့တဲ့လူကိုး၊ ဘာကြောက်စရာရှိလဲ ခင်ဗျာ၊ လွယ်လွယ်ကလေးနဲ့ ကော်ဖဲရိုက်မှာမို့ ခင်ဗျားကိုပြောတာပါ၊ လူဟာ

mgyoe.com

mgyoe.com


ဆိုးသွမ်းပေမဲ့၊ စုတ်စုတ်နုတ်နုတ်နေလို့ ကောင်းတာ မဟုတ်ဘူး။ ကျုပ်ကို ကြည့်ပါ၊ ခင်ဗျားအဝတ်အစားလည်း အင်မတန်ကြီး ညံ့တယ်။ ခင်ဗျားမျက်နှာက လူဆိုးရုပ် မပေါ်ပေမယ့် သည်လိုနေရင် မကြာမီ သူများက မာဖီးယားသမား ဘိန်းစားလို့တောင် ထင်လိမ့်မယ်။ တကယ်ပဲ မစွန့်ဝံ့ဘူးလား"။

သာခု။ ။ "မစွန့်ဝံ့လို့တော့မဟုတ်ပါဘူး မိတ်ဆွေ၊ သို့သော် လည်း ကျွန်တော်မလုပ်ချင်ဘူး၊ လူသတ်မှုဟာလည်း ကျွန်တော် သတ်ရတာ မဟုတ်ပါဘူး"။

"ကျုပ်လည်း ခင်ဗျားလိုပါပဲ၊ လူဆိုးကြီးမဟုတ်ပါဘူး။ ဘာမဟုတ်တဲ့အပြစ်ကလေးနဲ့ ထောင်ကျသွားတာနဲ့ လောကကြီး တစ်ခုလုံးကို စိတ်နာပြီး ထင်ရာကိုလုပ်နေတာပါ။ သို့သော်လည်း မသွားနဲ့ဦးလေ၊ ကိစ္စမရှိပါဘူး၊ ခင်ဗျားမလုပ်ချင်တာကို အတင်း လုပ်ရမယ်လို့ မဆိုပါဘူး။ သို့သော်လည်း ဟိုတယ်ကိုတော့ လိုက်ခဲ့ ဦးလေ။ ခင်ဗျား ထမင်းဆာနေတယ်မဟုတ်လား"ဟု ပြောပြီး အတင်း ခေါ်လေ၏။

မောင်သာခုသည် ဟိုတယ်ကိုလိုက်၍သွားပြီး၊ ထမင်းစား၍ ပြီးလျှင် ပြီးချင်း ထိုလူအားကျေးဇူးတင်လျက် နှုတ်ဆက်ကာ စိတ်သာ ချပါ မိတ်ဆွေ၊ ခင်ဗျားပြောတာကိုဘယ်သူမှမသိစေရပါဘူး။ အခု ထမင်းတစ်နပ်ကျွေးလိုက်ရသည့်အတွက် ကျုပ်ကောင်းကောင်းကြီး ကျေးဇူးဆပ်ပါမည်ဟု ပြောပြီး ထွက်လာခဲ့လေ၏။ ထိုလူလည်း ၎င်းကို ကျနစွာ ကြည့်လျက် (ကရိတီရီးယန်း) ဟိုတယ်ရှေ့တွင် ရပ်ကာ နေရစ်လေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၄)

မိမိတည်း၍နေသော ထမင်းဆိုင်၌ အခန်းခဖိုးပေးရန်အတွက် ကြွေးတင်၍နေသည့်ပြင် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက စားသောက်ခဲ့သော ထမင်းဖိုးကို ပေးဖို့ရန် ခက်၍နေလေ၏။

တစ်နေ့တွင် ဆိုင်ရှင်က။ ။ မောင်သာစုအား အလုပ်တစ်ခုခုကို ကြံဦးလေ။ သည်လိုချည်းနေလို့ ဘာဖြစ်မလဲဟု ပြောလေရာ မောင်သာစုမှာ တစ်နေ့လုံးအခန်းထဲမှမထွက်ဘဲ တွေးတော ကြံစည်ကာ နေလေ၏။ ထမင်းဆိုင်ရှင်က မောင်သာစုမှာ ငွေကြေးပြတ်လပ်၍ နေသောကြောင့် ယခုလိုနေသည်ကိုသိလျက် သနားသောအားဖြင့် မောင်သာစုထံသို့ ဝင်လာပြီးလျှင် ထမင်းမစားဘူးလားဆရာကြီး၊ ကျုပ် သည်လောက်တောင် ကုတ်ကတ်နေတဲ့လူမဟုတ်ပါဘူး။ မတတ်သာသေးတဲ့အခါ သည်လိုပေါ့ခင်ဗျာ။ စားတာ သောက်တာပေါ့။ လူဆိုတာ ဆင်းရဲလည်းအစဉ်မဟုတ်။ ချမ်းသာလည်း အစဉ် မဟုတ်ဘူးတဲ့။ သို့သော်လည်း အလုပ်ကလေးတစ်ခုတော့ ရအောင်ရှာမှ

mgyoe.com

mgyoe.com


တော်မယ်ဟု ပြောလေ၏။

မောင်သာစုသည် ထိုမျှလောက် ကြင်နာသောစကားကို လောက၌ မိမိအားပြောလာမည့်သူမရှိသကဲ့သို့ ဖြစ်၍နေရာ၊ ထိုစကားများကိုကြား ရသောအခါ စိတ်ထဲတွင် ကျေးဇူးတင်၍မဆုံးနိုင်အောင် ရှိသော်လည်း စကားတစ်ခွန်းမှ ပြန်၍မပြောဘဲ အောက်သို့ဆင်းကာ ထမင်းကိုသာ စားရှာလေ၏။

ညဉ့်အချိန်၌ ယမန်နေ့ကနည်းတူ မြို့ထဲလျှောက်၍နေလေရာ ကြံရာမရသဖြင့် များစွာစိတ်လက်မကောင်းဖြစ်၍နေရာတွင် အလုပ်တစ်ခုခုကိုလုပ်ဖို့ရန် ပြောသော ထမင်းဆိုင်ရှင်၏ စကားကို သတိရလျက် အခြားအလုပ် လုပ်ဖို့ရန် ကြံစည်၍မရ၊ ငါကူလီသွား၍လုပ်မှ အနည်းငယ်ရဖို့ရှိ၏ဟု တွေးပြီး မီးရထားရုံရှေ့သို့သွားပြီးလျှင် လူသွားလူလာခရီးသည်တို့ကို ရပ်ကာ ကြည့်၍နေလေ၏။

ယင်းကဲ့သို့နေခိုက်တွင် အသက်ငါးဆယ်ခန့်ရှိသော ယောကျာ်းကြီး တစ်ယောက်သည် လန်ချား၊ မြင်းရထားတို့ကို ငှားမရသဖြင့် အတော်လေးသော သားရေသေတ္တာကို အပါး၌ချကာ ရပ်လျက်နေသည်ကို မြင်ရလေ၏။ ထိုအခါ မောင်သာစုသည် ၎င်း၏အပါးသို့ကပ်ကာ "ဦး သေတ္တာကို ကျွန်တော်သယ်ပါရစေ"ဟု ပြောလေ၏။

ထိုအခါ ခရီးသည်ယောကျာ်းကြီးသည် ၎င်း၏မျက်နှာကို သေချာစွာ စိုက်ကြည့်ပြီး "အေးအေးမောင်၊ မြင်းရထားများလည်း မပေါ်လာဘူး"ဟုပြောလေလျှင် မောင်သာစုသည် သေတ္တာကို ဆွဲကိုင်လေ၏။ ခရီးသည် သည် မောင်သာစု ကိုင်ပုံတွယ်ပုံကိုကြည့်ကာ၊ "မောင် ကူလီမဟုတ်ပါကလား"ဟု ပြောလေ၏။ မောင်သာစုသည် စကားပြန်မပြောဘဲ၊ သေတ္တာကိုသာထမ်း၍ ခရီးသည်၏ရှေ့က သွားလေ၏။ မကြာမီ သုံးဆယ့်ခုနစ်လမ်း အောက်ပိုင်းသို့ ရောက်သော

mgyoe.com

mgyoe.com


အခါ တိုက်ခန်းတစ်ခုကို ခရီးသည် သည် သော့နှင့်ခတ်ကာဖွင့်၍ ဝင်လေ၏။ မောင်သာစုသည် သေတ္တာကို မှောင်သောအခန်းထဲသို့ ဝင်၍ထားပြီး ခဏကလေးရပ်၍နေလေရာ၊ ခရီးသည် သည် ဓာတ်မီးကို ဖွင့်လျက် မောင်သာစု၏မျက်နှာကို သေချာစွာစိုက်ကြည့်ရင်း၊ အိတ်ထဲမှ သားရေအိတ်ကိုထုတ်ပြီး၊ ပိုက်ဆံများကို သေချာစွာ ကြည့်လျက် နှိုက်ယူ၍ ပေးလိုက်လေ၏။ မောင်သာစုသည် ပိုက်ဆံများကို ခံယူ၍ ထွက်လာရာ ပိုက်ဆံများသည် အတော်ပင် လေးလံသည်ကို သိရသဖြင့် လမ်းထိပ်သို့ရောက်သောအခါ တစ်ခုသော ဓာတ်မီးတိုင် အောက်တွင် ပိုက်ဆံများကိုကြည့်လေသည်။ ထိုအခါ ရွှေဒင်္ဂါးတစ်ပြား နှင့် ပိုက်ဆံတစ်မတ်ကို တွေ့ရသောကြောင့် လွန်စွာ အံ့သြလျက်၊ ငါ့အားသူမှား၍ပေး ဟန်ရှိသည်။ ငါပြန်၍ပေးမည်ဟု အောက်မေ့ပြီးမှ၊ သူဓာတ်မီးရောင်နဲ့ သေသေချာချာကြည့်ပြီးမှ ငါ့ကို ပေး၏။ တမင် သက်သက်ပေးတာနဲ့ ပဲတူတယ်။ ငါ့ကိုလည်း သူ အတော်ပင် အကဲ ခတ်တယ်ဟု တွေးပြီး ပြန်၍မပေးဘဲ မိမိ၏အိမ်သို့ သွားရောက်ကာ ပေးစရာ ဆပ်စရာရှိသမျှတို့ကို ပေးဆပ်လေ၏။ သို့ပေးဆပ်ပြီးနောက် မိမိ၏လက်ထဲ၌ ငွေ ခြောက်ကျပ် ကျန်ရှိလေရာ ၎င်း ငွေခြောက်ကျပ် နှင့် သုံးလေးရက်ခန့် နေနိုင်သေး၏ဟု အောက်မေ့ပြီးလျှင် အလုပ် အကိုင် ကြံစည်လေ၏။

နောက်ရက်အနည်းငယ်အတွင်း အလုပ်တစ်ခုလစ်လပ်သည်ကို သိရသောကြောင့် သွားရောက်၍ အလုပ်လျှောက်လေ၏။ အလုပ်ကို ပေးတော့မည်ပြုပြီးမှ နာမည်ကိုပြောသောအခါ တိုက်အုပ်မန်နေဂျာ သည် ၎င်း၏မျက်နှာကို သေချာစွာစိုက်ကြည့်လျက် "သတင်းစာ ထဲမှာ မင်းရုပ်ပုံ ပါတယ်မဟုတ်လား"ဟု မေးလေ၏။ မောင်သာစုက ဟုတ်သည့်အတိုင်း ဝန်ခံလေရာ၊ အလုပ် အခုမရှိသေးဘူးဟု ပြောလိုက်

mgyoe.com

mgyoe.com


လေ၏။ မောင်သာခုသည် မိမိ ဘယ်အတွက် ဤကဲ့သို့ အပယ်ခံရသည်ကို ကောင်းစွာသိလျက်၊ တုံ့ပြန်စကားမပြောဘဲ ထွက်လာခဲ့လေ၏။

မည်သည့်နေရာကိုသွားသည်ဖြစ်စေ၊ ကြီးပွားခြင်းအရေးကို မဆိုထားဘိ၊ အသက်မွေးရန်မှ လမ်းပန်းမပွင့်သကဲ့သို့ မိမိမှာဖြစ်၍နေသည်ကို သိရလေသတည်း။ ဤရန်ကုန်မြို့၌ရှိသော လူတို့သည် တာမြောင်းကြား၌ ငါ လဲ၍သေနေသည်ကို မြင်ချင်ကြ၏။ ငါ့ကိုလုံးလုံးကြီးလူထဲမှ ဖယ်ရှား၍ပစ်လိုကြ၏။ ငါ့ကို မြွေပွေးမြွေဟောက်ပမာ စက်ဆုပ်မုန်းထားကြပေ၏တကား။ ငါသည် အဘယ်ကို ပြေးရပါမည်နည်း။ ထိုကဲ့သို့ မုန်းထားသူတို့၏အလယ်၌နေရသည်ထက်၊ ဝန်မင်းကြီးနှင့် ပွဲစားကြီးပြောသည့်အတိုင်း လွတ်ရာသို့ရှောင်ရှား၍သွားရလျှင် ကောင်းလေမည်လားဟု တွေးတောလိုက်သောအခါ၊ ငါ၌ အပြစ်မရှိ။ ငါသည်ဘယ်အတွက် ဤလူရှုးတို့၏ရှုတ်ချခြင်းကို ခေါင်းငုံ့ခံရမည်နည်း။ ဤအမှုကို မပေါ်မချင်းငြိမ်သက်စွာ မနေနိုင်။ ပေါ်အောင်ကြံရမည်ဟုထင်ရှားသောစိတ်အကြံသည် သန်သန်ကြီးပေါ်၍ လာလေ၏။ ထိုနေ့ညဉ့်၌ [1] စံပယ်လမ်းနှင့် [2] ဖရေဇာလမ်းထောင့်တွင်ရပ်လျက် [3]မောင်ဂိုမာရီလမ်းဘက်ကို မျှော်ကာ ကြည့်၍နေလေ၏။

"ကိုဘသိန်း ဘယ်သွားမလို့လဲ"ဟု ပြောကာ မိန်းမတစ်ယောက်သည် ပခုံးကိုလာ၍ကိုင်လေ၏။ မောင်သာခုသည် နောက်ကိုလှည့်၍ကြည့်လိုက်ရာ အသက် ၃၀ ခန့်ရှိသော မိန်းမတစ်ယောက်နှင့် ရင်ဆိုင်

---

၁။ ဗိုလ်အောင်ကျော်လမ်း။
၂။ အနော်ရထာလမ်း
၃။ ဗိုလ်ချုပ်အောင်ဆန်းလမ်း

mgyoe.com

mgyoe.com


တွေ့၍နေလေ၏။ ထိုမိန်းမသည် ပါးစပ်ပိတ်ကာရယ်လျက် "သြော် ကိုဘသိန်းမှတ်လို့ ဖွားဥရေ၊ လူမှားနေပြီ"ဟု နောက်သို့လှည့်ကာ ပြောလေလျှင် သနားကမားမိန်းမပျိုတစ်ယောက်သည် ၎င်း၏နောက်၌ ရပ်နေရာမှ အပါးသို့ကပ်၍လာပြီးလျှင်၊ "ဒါကြောင့် မဟုတ်ပါဘူးလို့ ကျွန်မအပြောသားပဲ၊ ရှင်ကိုယ်တိုင်ကလည်း လွန်လို့ပါ"

"ကဲ မှားပေ့ါအေ၊ ညည်းလင်နဲ့ တူလိုက်တာက တစ်ပုံတည်းပဲ ကိုအေ့၊ ဒါထက်ရှင်ဘယ်သွားမလဲ၊ ဖွားဥသည်မှာခဏနေရစ်ဦး။ အိမ်ပေါ်မှာ ဧည့်သည်တက်သွားတာတွေ့တယ်။ ငါသွားကြည့်လိုက် ဦးမယ်။ ငါ အခုပဲလာခဲ့မယ်။ ဘယ်မှမသွားနဲ့နော်။ သြော် ဒါထက် အားနာစရာဖြစ်နေပါပြီ။ ဟိုကမောင်ကြီးရဲ့ ကျွန်မတူမကို ခဏစောင့် နေလိုက်စမ်းပါ၊ မကြာပါဘူး"ဟု ပြောပြီး ဖရေဇာလမ်းထဲသို့ ဝင်၍ သွားလေ၏။

မောင်သာခုသည်ကား ခက်များ ခက်တော့တာပဲ ကရို့။ စိတ်ညစ်တုန်း မျောက်ပွဲထိုင်မိ၊ ငိုချင်တုန်း လကွင်းသံကြားရဆိုတာ ဖြစ်နေပါပြီ။ ဘယ့်နှယ်ဟာတွေနဲ့ ငါ လာ၍တွေ့နေရပါလိမ့်မလဲဟု တွေးတောကာ ဖွားဥခေါ်သော သူငယ်မ၏မျက်နှာကို ကြည့်လေရာ များစွာပျက်ပြုန်း၊ အပျော်ဖြုန်းသဖြင့် ကိုယ်လုံးလျှော့ရေ၊ အပျိုတို့ ဣန္ဒြေကင်းမဲ့စပြု၍နေသူ တစ်ယောက်ဖြစ်ကြောင်းကို သိရလေ၏။

ထိုမိန်းမပျိုသည် ၎င်း၏မျက်နှာကိုကပ်၍ကြည့်ပြီးနောက် "အလို ရှင် ဟိုလူသတ်မှုကလူ မဟုတ်လား"ဟု ပြောကာ နောက်သို့ ဆုတ် လေ၏။ မောင်သာခုက "ဟုတ်ပါတယ်ကွယ်၊ ကျုပ်မှာ သပိတ်မှောက် ခံနေရလို့ ဒုက္ခဖြစ်နေတဲ့လူပါ။ အပျော်အပါးဆိုတာ တွေးတောခွင့် မရပါဘူး။ ပိုက်ဆံကြေးငွေလည်း သုံးစွဲနိုင်တဲ့ အခြေအနေမရှိ။ အပုံကြီး ဆင်းရဲနေပါတယ်။ ဘယ်လိုအလုပ်ကိုလုပ်ရမည်ဆိုတာ ကြံစည်လို့မှ

mgyoe.com

m.gyoe.com


မရ။ မည်သူက မှလည်းအလုပ်မပေး၊ ကိုယ်တိုင်မကျူးလွန်ရတဲ့ပြစ်မှုနဲ့ သည်လောက်တောင် မတရားအထင်ခံရပြီး ပျက်စီးခြင်းမလှ ပျက်စီး၍ နေရပါတယ်။ တစ်ပူပေါ်မှာ နှစ်ပူမထပ်ပါရစေနဲ့။ သည်ဒုက္ခတစ်ခုနဲ့ နေပါရစေ"ဟု ပြောကာ သွားမည်ပြုလေ၏။

မိန်းမပျိုက ရွှင်ပျပျော်မြူး၊ အထူးသွေးဆောင်ဖြားယောင်းသော အမူအရာကိုဖျောက်ကာ မောင်သာခုကိုသေချာစွာကြည့်လျက်၊ "ရှင်သည် လိုပြစ်မှုမျိုးကို ပြုမယ့်လူမဟုတ်ပါဘူး၊ လူတွေ ရှင့်အပေါ်မှာ တမင် မတရားပြုကြတာပါ။ ကျွန်မလည်းသည်လိုပါပဲ၊ ကျွန်မ အပျိုကလေးဖြစ်စဉ်က ကျွန်မကိုမိန်းမကြီးများ၊ ယောကျ်ားကြီးများက မတော်မတရားကြံစည်ပြီး ကျွန်မကိုကျောပြီးမှ၊ စွန့်ပစ်သွားကြသည့် အတွက် အရပ်ထဲမှာမနေနိုင်အောင် အရှက်တကွဲဖြစ်ပြီးမှ ဘယ်လိုပဲ ဖြစ်ဖြစ် ငါ့နာမည်ဟာ ကောင်းတော့မှာမဟုတ်ပါဘူးလို့ စိတ်ထဲ အောက်မေ့ပြီး သည်အဖြစ်မျိုးကိုရောက်အောင် နှစ်လိုက်တော့တာပါပဲ။ ရှင့်ကို မြင်လျှင်မြင်ချင်း ကျွန်မ အင်မတန်မှပဲ သနားတာပါပဲ။ အခု ရှင် ဘယ်ကို သွားမလဲ။ လာပါဦးလားလေ။ ကျွန်မတို့အိမ်ကို လိုက်ခဲ့ပါဦးလား။ ရှင့်မှာ ပိုက်ဆံမရှိပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်မတို့က လူကိုချစ်ရင် ပိုက်ဆံကို ဂရုမစိုက်ပါဘူး"ဟု ပြောလေ၏။

မောင်သာခုသည်ထိုစကားကို ကြားရသောအခါ ထိတ်လန့်ခြင်းဖြစ်လေသည်။ အကြောင်းမူကား မိကောင်းဖခင်၏သား ဖြစ်ခဲ့ခြင်းကြောင့် တစ်ကြောင်း၊ ပညာကို ကောင်းစွာသင်ကြားရသော ဆရာကောင်းတပည့်ဖြစ်သောကြောင့် တစ်ကြောင်း။ အပေါင်းအသင်း အခြေအနေမှာ ပြည့်တန်ဆာခေါင်း၏ဘဝနှင့် အလွန်တရာဝေးကွာမြင့်မြတ်ခဲ့သည်ကို တွေးမိသောကြောင့်တစ်ကြောင်း၊ ထိုသွေးဆောင်သော စကားကို ကြားရသည်မှာ နားဝ၌ များစွာ မသက်မသာဖြစ်လေ၏။

m.gyoe.com

mgyoe.com



ဖွားဉသည်ကား မကောင်းသောလမ်းသို့ ကျရောက်၍နေသည်မှာ မကြာသေးသည့်ပြင် ကိန်းဈေးက အမြင့်စားဖြစ်သောကြောင့် အခြားသော မိန်းမပျက်များလောက် ဧည့်အရောက်မများသဖြင့် အချစ်ဆိုတဲ့လောက –က–မီးစာသည် လုံးလုံးကြီးပြာမကျသေးဘဲ မောင်သာခုကိုမြင်လျှင် မြင်ချင်း သနားခြင်းမှ ကြော့ရှင်းသော ကိုယ်ဟန်ကိုမြင်ရသောအခါ ချစ်ခြင်းသည် ဝင်၍လာလေ၏။ ချစ်ခြင်းသည် ဝင်၍လာပြီးနောက် မောင်သာခု၏ ထွားကျိုင်းတောင့်တင်းခံ့ညားခြင်းကို မြင်ရပြန်သောအခါ ကိုယ်ခန္ဓာတစ်ခုလုံးမှာ ငန်းတော်ရေမြွေမင်းသား ပတ်ရစ်စပြုသည့်အလား၊ မငြိမ်မသက်လှုပ်ရှားပြီးလျှင် အလွန်တရာသိမ်မွေ့သော မျက်နှာထားဖြင့် အပါးသို့ကပ်ကာ မိမိလက်နှင့် မောင်သာခု၏လက်ကို မတော်တဆလိုလို တမင်လိုလို ထိအောင်ပြုလေ၏။

မောင်သာခုသည် ၎င်း၏အမူအရာ သွေးဆောင်သောလက္ခဏာကို သေချာစွာမြင်ရသောအခါ သံသယမျိုးစေ့တည်းဟူသော သဘာဝစိတ်သည် အတိဒုက္ခတည်းဟူသော အမှိုက်သရိုက်ပုံအောက်မှ ခေါင်းပြူကာ ထွက်ပေါ်သည့်မြွေဟောက်အလား၊ တမားမား ထကြွစပြုပြီးလျှင် မွန်မြတ်သောစိတ်သဘောတို့ကို အကုန်အစင် မျိုပစ်လေ၏။ ထိုအခါ ငါ့အား မတရားပြုသောလောက ငါ့ကိုစွန့်ပစ်တဲ့လောကကြီးမှာ ဘယ်သူ့ကို ဂရုစိုက်ရမလဲ။ ထင်ရာကို ပြုတော့မည်၊ ဝတ်ကာ၊ စားကာ ပျော်ချင်သလောက် ပျော်ပါး၍နေရတဲ့ ဘဝထက် အဘယ်ဘဝက ပို၍ မြတ်မည်နည်း။ ဤသူငယ်မသည် ရုပ်ရည်လည်း လှ၏။ သွေးသားလည်း စည်ပင်သေး၏။ ငါ အဘယ်အတွက် ငြင်းရမည်နည်းဟု တွေးတောကာ ၎င်း၏သွေးဆောင်ရာသို့ လိုက်တော့မည်ပြုပြီးမှ တင်မေကြီး၏မျက်နှာကို မှောင်ထဲတွင် ထင်ယောင် မြင်ယောင်

mgyoe.com

mgyoe.com


ဖြစ်၍လာသောကြောင့် သတိရပြီးလျှင် ၎င်းမိန်းမပျို၏ အနီးမှ ဆုတ်ခွာလျက်၊ ကျေးဇူး အင်မတန်မှ တင်ရပါတယ်၊ သို့သော်လည်း ကျုပ်မှာ အလုပ်တာဝန်ရှိပါသေးတယ်။ သည်တာဝန် အေးမှသာ အတည်တကျနေနိုင်ဖို့ရှိပါတယ်၊ သွားပါရစေတော့ အခွင့်ပြုပါ။ နောက်ကို တွေ့ကြရပါလိမ့်ဦးမယ်ထင်ပါရဲ့ဟု ပြောလေ၏။

ထိုအခါမိန်းမပျိုက ဝမ်းနည်းသောအမူအရာနှင့် "ရှင့်ကို အင်မတန် သနားလို့ ကျွန်မတတ်နိုင်တဲ့နည်းနဲ့ ကူညီတာပါ။ သဘော မကျရင်လည်း သွားတာပေါ့ရှင်။ သို့သော်လည်း မှန်တာကို ပြောရ မှာဖြင့် ရှင်ဟာ ကျွန်မငယ်ငယ်ကချစ်ကြိုက်ခဲ့ဖူးတဲ့ ကွယ်လွန်သူ ငယ်ရည်းစားတစ်ယောက်နဲ့ အင်မတန်တူပါတယ်။ သည့်အတွက် ရှင့်ကို မြင်လျှင်မြင်ချင်း မေတ္တာထားပါတယ်။ ရှင်အခု ငွေကြေးများလည်း အင်မတန်ပြတ်လပ်ပြီး နေတယ်ထင်ပါရဲ့၊ ကျွန်မ တတ်နိုင်သမျှ ကူညီပါရစေ။ နောင်အခါကျတော့ ပြန်ပြီးဆပ်တာပေါ့" ဟု ပြောပြီး၊ ဘော်လီအိတ်ထဲမှ ငွေသုံးကျပ်ကို ထုတ်၍ပေးလေ၏။ မောင်သာစု သည် ပျော်ရွှင်ခြင်းမှရသော အခကို မယူလိုသကဲ့သို့ဖြစ်သော်လည်း မိမိမှာ တစ်ပြားတစ်ချပ်မှမရှိသောကြောင့် ငြင်းဆန်ခြင်းကိုမပြုဘဲ အလွန်တရာကျေးဇူးတင်သောမျက်နှာအမူအရာနှင့် လက်ခံပြီးလျှင် ကျေးဇူးပါပဲခင်ဗျာဟုပြောပြီး မှောင်ထဲသို့ ကပျာကယာ ထွက်ခွာ၍ သွားလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၅)

နောက်ရက်အနည်းငယ်ကြာသောအခါ ရန်ကုန်မြို့သည် ယခုအခါ ငါနှင့်မတော်၊ တစ်ခုခုသောချောင်ကိုခိုကာ ဆိတ်ငြိမ်သော နေရာကို ရှာလေမှ တော်မည်ဟု အောက်မေ့ကာ ကမာရွတ်သို့ သွားလေသည်။ ကမာရွတ်သို့ရောက်သောအခါ အဘယ်အလုပ်ကို ကြံစည်ရမည်ဟု စဉ်းစားလိုက်သောအခါ အကြံရသဖြင့် ယောင် လည်လည်သွားနေခိုက်တွင် နံနက်ခင်း အချိန်တစ်ခုသော ဥယျာဉ်သို့ ရောက်သွားလေ၏။

မောင်သာခုသည် ဆံပင်များကိုမညှပ်ရသဖြင့် ဦးခေါင်းမှာ ပွလျက် နေသည့်အပြင်၊ အဝတ်အစားမှာလည်း စုတ်ပြတ်ညစ်မည်း၍ နေသောကြောင့် ကူလီဆင်းရဲသားနှင့်ပင် တူ၍နေလေရာ၊ ၎င်း၏ မျက်နှာကို သေချာစွာကြည့်နိုင်မှသာ လူရည်လူသွေးမည့်ဖျင်းကြောင်း ကို သိသာနိုင်ရာ ရှိလေ၏။

ထိုခြံထဲသို့ ရောက်သွားသဖြင့် ခြံအတွင်းဘက်၌ သားနားစွာ

mgyoe.com

mgyoe.com


ဆောက်လုပ်၍ထားသောအိမ်ကို ကြည့်ကာ ယောင်ပေယောင်ပေ နေခိုက်တွင် ပြင်းထန်သောအသံဖြင့် ဟိန်းဟောက်ကာ ပေါက်၍ လာသော ခွေးကြီးတစ်ကောင်ကို မြင်ရလေ၏။

မောင်သာစုသည်ထိတ်လန့်ကာ ထိုခွေးကိုကြည့်၍ ရှောင်ပြေးရန် အကြံတွင် ဟဲ့ အောင်ပေါ်ဟု ခေါ်လိုက်သောအသံကို ကြားရသဖြင့် လှမ်း၍ကြည့်လိုက်ပြန်လျှင် အသက်ငါးဆယ်ခန့်ရှိသော ယောက်ျားကြီး တစ်ယောက် ထွက်လာသည်ကို မြင်ရလေ၏။ ခွေးသည်လည်း မိမိ၏ သခင်ရှိရာသို့ ခုန်ပြန်ပြေးသွားလေလျှင်၊ မောင်သာစုသည် ရပ်ကာ ၎င်းယောက်ျားကြီးကို ကြည့်၍နေလေ၏။

ထိုယောက်ျားကြီးသည် လျှင်မြန်သောခြေလှမ်းဖြင့် မောင်သာစု ရှိရာသို့ လာပြီးနောက် "ဟေ့– မင်းဘာရှာသလဲ"ဟု မေးလေ၏။ "ကျွန်တော် အလုပ်ရှာပါတယ်ခင်ဗျာ"ဟု မောင်သာစုက ပြောလေ၏။

"မင်း ဘာအလုပ်ကိုတတ်သလဲ"ဟု ပြောရင်း မောင်သာစု၏ မျက်နှာကို သေချာစွာကြည့်ပြီး မောင်သာစု ခြေလက်တို့ကို တစ်ဖန် ကြည့်ပြန်လျက်၊ "မင်းအလုပ်ကြမ်းမလုပ်နိုင်ပါဘူး"ဟု ပြောလေ၏။

**သာစု**။ ။ "ဘယ်လိုအလုပ်မျိုးမဆို ကျွန်တော်လုပ်နိုင်ပါ တယ်"။

**ယောက်ျားကြီး**။ ။ "ပန်းပင်များကိုကြည့်ရှုဖို့ ကုလားရပြီ၊ အရင်ရတဲ့ကုလားများကလည်း ခိုးတတ်ဝှက်တတ်တယ်၊ သည့်အတွက် ပန်းပင် ရေထမ်းလောင်းဖို့၊ အပင်များကိုကြည့်ရှုဖို့ အလုပ်တော့ ရှိတယ်။ မင်း ဗမာမို့ လခ နှစ်ဆယ်လောက်တော့ရမယ် လုပ်နိုင်မလား"။

**သာစု**။ ။ "ကျွန်တော်လုပ်နိုင်ပါတယ်ခင်ဗျား"။

"ကောင်းပြီ၊ မင်းလုပ်နိုင်လျှင် လုပ်တော့၊ ဟောဟိုမှာ မင်းနေဖို့ တဲရှိတယ်။ ကိရိယာတန်ဆာလည်းအစုံပဲရှိတယ်။ မင်း ဘယ်တော့

mgyoe.com

mgyoe.com


စလုပ်မလဲ။

သာစု။ ။ "ကျွန်တော် မနက်ဖြန် စပြီးလုပ်ပါမယ်"

"ကောင်းပြီ၊ မင်းဆက်ဆက်လာနော်၊ မင်းရိုးသားပုံတော့ ပေါ်တယ်၊ ဘယ်အရပ်ကလဲ"

သာစု။ ။ "ကျွန်တော် အညာသားပါခင်ဗျာ"။

"မင်းနာမည်ဘယ်လိုခေါ်သလဲ"။

သာစု။ ။ "မောင်ဘိုးသာတဲ့ ခင်ဗျား"။

"ကောင်းပြီ။ နက်ဖြန်ခါ ဆက်ဆက်လာပါ၊ မင်း ကောင်း ကောင်းလုပ်ရင် ငါကြည့်ရှုမယ်"ဟု ပြောပြီး ခွေးကိုခေါ်လျက် အိမ်ထဲ ပြန်သွားလေ၏။

မောင်သာစုသည် ထိုနေ့ဝမ်းမြောက်ဝမ်းသာ ရန်ကုန်သို့ပြန်ပြီး မိမိ၏ပစ္စည်းများကို သိမ်းလေ၏။ မိမိဖခင်ထံမှ ဆက်ခံရရှိသော အဖိုးထိုက်သော အင်္ဂလိပ်စာအုပ်နှစ်အုပ်ကို ဖရေဇာလမ်း စာအုပ်ဆိုင်သို့ သွား၍ပို့လေရာ စာအုပ်ရောင်းသောကုလားကြီးက "မောင် စာအုပ် လာရောင်းပြန်ပလား။ ငါ့မှာ စာအုပ်တွေအတွက်နဲ့ ငွေ အဝင်များ နေတယ်၊ မင်းစာအုပ်တွေကို ငါထပ်ပြီးလက်မခံနိုင်တော့ဘူးဟု ပြော လေ၏။

သာစု။ ။ "ရောင်းဖို့မဟုတ်ပါဘူးခင်ဗျား၊ ကျွန်တော် မရှိသည့် အခိုက် တစ်ဆိတ်ထိန်းသိမ်းထားဖို့ လာပြီးအပ်တာပါ"။

"ဪ–သည်လိုလား၊ ကောင်းပါပြီ၊ ဆိုင်မှာဘန်းပြဖို့ ရပြန် ပေါ့လေ။ ကိုင်း ပေးစမ်း၊ ဘာစာအုပ်တွေလဲဟေ့၊ ငါက စာအုပ် ကောင်းကောင်းတွေကို တစ်နေ့တစ်ခါစီ ကိုင်ရ လှန်ရ တစ်ကြောင်း နှစ်ကြောင်း ဖတ်ရရင် စိတ်ပျော်တာပဲ။ သည်အတွက် သည်အလုပ်ကို လုပ်ပြီး နေတာပါ။ စာ ဝါသနာပါလွန်းလို့ပါ မောင်ရင်ရဲ့။ ကျုပ်က

mgyoe.com

mgyoe.com



ကုလားပေမဲ့ မြန်မာစာ၊ အင်္ဂလိပ်စာကို အရည်ကျိုပြာချတဲ့လူပါ။ ငါနဲ့ကျောင်းနေဘက်တွေ အများကြီး၊ မင်းစိုးအရာရှိကြီးများ ဖြစ်နေကြတယ်။ ငယ်ငယ်ကမမာတာနဲ့ အရာမရဘူး။ မာလည်းမာရော အရွယ်လည်းလွန်ရောဆိုတာလို။ စာကိုသာဖတ်ပြီး အေးအေးဆေးဆေး ရသမျှနဲ့ တင်းတိမ်ပြီး ဝါသနာပါရာကိုလုပ်ပြီး နေရတော့တာပဲ။ အလို–မောင်ရင် သည်စာအုပ်တွေက ဘယ်သူ့စာအုပ်တွေလဲ"

သာဒု။ ။ "ကျွန်တော့်ဖခင်ပါ ခင်ဗျား"။

"မောင်ရင်–ကိုကျော်ရဲ့သားလား။ ကိုကျော်ဟာ ငါနဲ့ လည်ပင်းဖက်ပြီးကြီးခဲ့တဲ့လူလကွဲ့။ အင်မတန်တော်တဲ့လူကပဲ။ ပညာ အင်မတန်ကောင်းတာကလား။ သူကြီးပွားမယ့်ဆဲဆဲမှာ အနိစ္စရောက်ရှာတယ်။ သြော် မင်း သူ့သားကိုး။ ကိုင်း မင်းဖခင်နဲ့ ချစ်ခင်တဲ့သူ ဖြစ်ခဲ့သည့်အတွက် သည်စာအုပ်များကို ထိန်းသိမ်းထားရတာပေါ့။ နို့ အခု မောင်ရင် ဘယ်ကိုသွားမလို့လဲ"

သာဒု။ ။ "ကျွန်တော် ရန်ကုန်မြို့ကထွက်ပြီး တော်ရာသွားရောက် ကြံစည်ဦးမလို့ပါပဲခင်ဗျား"ဟုပြောပြီး မိမိ၏ အဖြစ်အပျက်တွေကို ပြော၍ပြလေ၏။ ထိုအခါ စာအုပ်သည် ကုလားကြီးက ရန်ကုန်မြို့သားတွေဟာ မိမိဆိုင်ရာအလုပ်ကလွဲရင် ဘာမှသိကြတာမဟုတ်ဘူး မောင်ရဲ့။ လူပြောသူပြောနဲ့ ယုံချင်ရင်လည်းယုံကြတာပဲ။ မိုးခါးရေကိုသူတို့မှ သောက်တာကလား။ သို့သော်လည်း ကြာကြာကြီးတော့ သည်လူတွေ သည်အရေးနဲ့ပတ်သက်ပြီး အရှုံးမထနိုင်ဘူး၊ ရှုံးစရာအခြားနည်းတွေကလည်း တစ်မျိုးပြီးတစ်မျိုး ပေါ်ပြီးနေတာမို့၊ နောက်တစ်မျိုးပေါ်ရင် မောင်နဲ့ပတ်သက်ပြီး ရှုံးတဲ့အရှုံးတွေဟာ ဆေးဝါးမစားဘဲ ပျောက်ကြပါလိမ့်မယ်။ အေး အေး အစစအရာရာ ချောချောမောမောရှိပါစေလကွယ်။ ကိုင်း သွားတော့ မောင်နဲ့

mgyoe.com

mgyoe.com



စကားပြောနေလို့ မောင့်မှာလည်းကိစ္စမပြီး၊ ငါ့မှာလည်း ကိစ္စမပြီး၊ ဟဲ့ မိသော် ငါထမင်းစားဦးမယ်၊ ဆိုင်ကိုလာကြည့်ဦး၊ ဆိုင်ကို စတုဒိသာ မလုပ်နဲ့။ ပိုးကောင်တွေကို စတုဒိသာလုပ်ပြီး ဧည့်ခံကျွေးမွေးထား တာ အတော်ကြာပြီ။ လူတွေကို ထပ်ပြီး စတုဒိသာ မလုပ်နိုင်ဘူး။ သည်မိန်းမဟာ ငါ့နှမတော်မုဆိုးမကွဲ့၊ မုဆိုးမဆိုတာ လင်သေတဲ့ မိန်းမ။ ငါ့မှာ သားမရှိ၊ မယားမရှိ၊ ကြည့်ရှုကူညီသူ ကင်းတာနဲ့ သည်ယောက်ဖကောင်ဟာ ညှာတာထောက်ထားတဲ့ စိတ်ကိုထားပြီး သေရွာကို သွားလေသလားမသိဘူး။ အခုတော့ ငါ့အတွက် သူ့မှာ မလေး သူ့အတွက် ငါ့မှာ လေးပြီးနေတာပဲ။ မိန်းမဆိုတာ အခက်သား မောင်ရဲ့။ နွားအကောင်တစ်ရာကို ကျောင်းချင်သေးတယ်။ ကာလ သမီးအမယ်ကြီးမို့ သာပြီးခက်တာပဲကွယ်"။

သာခု။ ။"ကျွန်တော်သွားပါဦးတော့မယ်ခင်ဗျား"။

"အေးအေး သွားပေရော့၊ ငါထမင်းစားဦးမယ်"။

မောင်သာခုသည် ကမာရွတ်သို့ချက်ချင်းသွားပြီး အလုပ်များကို စ၍ လုပ်ကိုင်လေရာ၊ စစ်ကဲကြီးသည် ၇-ရက်အတွင်း ၎င်း၏ ဝီရိယ စိတ်နေသဘောထားကို ကောင်းစွာသိရလျက်၊ မိမိ၏လူကို များစွာ သဘောကျ၍ နေလေ၏။

တစ်နေ့သ၌ ညနေချမ်းအချိန် သစ်ပင်များကိုရေမလောင်းမီ၊ မောင်သာခုသည် အင်္ဂလိပ်ဘာသာဖြင့် ဥပဒေစာအုပ်ကို မိမိ၏ တဲအထဲတွင် ဖတ်၍နေလေ၏။ ယင်းကဲ့သို့နေခိုက်တွင် စစ်ကဲကြီး၏ သမီးဖြစ်သူ မခင်သန်းသည် အိမ်အပေါ်ပြတင်းပေါက်မှ တဲထဲသို့ လှမ်း၍မြင်လေ၏။ အကြောင်းမူကား တဲမှာကား အပေါက်တစ်ခု ရှိလေ၏။

ထိုအခါ ခင်သန်းက ၎င်းလူသည် ဝတ္ထုဇာတ်စာတစ်ခုကို

mgyoe.com

mgyoe.com


ဖတ်၍နေဟန်တူသည်။ ဝတ္ထုအဆန်းများဖြစ်လျှင် ငှားပြီး ဖတ်ရရင် ကောင်းမှာပဲဟု စိတ်ထဲတွင် အကြံပြုလေ၏။ ခင်သန်းသည် ဝတ္ထု ဖတ်ခြင်းကို များစွာ ဝါသနာပါသူဖြစ်လေ၏။

ခင်သန်းသည် နေ့စဉ်နေ့တိုင်း ထိုနေရာမှ ထိုစာအုပ်ကို သွားရည်ကျအောင် မျှော်၍နေလေရာ ငါးရက် ခြောက်ရက် ဆက်ကာ မြင်ရသဖြင့်၊ သြော် . . . စာကောင်းကောင်းမသွားရှာလို့ ဝတ္ထုတစ်အုပ် ကို သည်လောက်ကြာကြာ ဖတ်ရှာတယ်ထင်ပါရဲ့ဟု အောက်မေ့လေ၏။

နောက်တစ်နေ့နံနက်အချိန် မောင်သာစုအလုပ်ပြီး၍ အလည် အပတ်သွား၍နေခိုက်မှာ မခင်သန်းသည် ၎င်း၏တဲအနီး၌ ယောင်ပေ ယောင်ပေသွားလာရင်း တဲထဲ၌ မောင်သာစုမရှိသည်ကို သိသောကြောင့် မောင်သာစုဖတ်သောဝတ္ထုစာအုပ်ကို ကြည့်ချင်ဇောနှင့် တဲထဲသို့ ကြောက်ဆုတ်ဆုတ် ဝင်သွားလေ၏။

တဲထဲ၌ မောင်သာစု၏ သပ်ရပ်သန့်ရှင်းသော အိပ်ရာမှစ၍ အစစအရာရာတို့မှာ ကျစ်လျစ်စွာတွေ့ရှိရသောအခါ အလွန်တရာမှ အံ့သြလျက် အိပ်ရာခေါင်းရင်းအနီး၌ ရှာဖွေလေရာ၊ စာအုပ်ကို မတွေ့ ရချေ။ နောက်ဆုံး၌ ခေါင်းအုံးကို လှန်၍ကြည့်လိုက်သောအခါ မိမိ လွန်စွာတောင့်တသောစာအုပ်ကို တွေ့ရလျက် အားရဝမ်းသာ ကောက်ယူဖွင့်လှန်၍ကြည့်လေရာ အင်္ဂလိပ်စာအုပ်ဖြစ်နေသည်ကို တွေ့ရသောကြောင့် စာအုပ်ကို ကိုင်လျက်မတ်တတ်ရပ်ကာ အံ့သြ မိန်းမော၍နေပြီးမှ စာအုပ်ကို ခေါင်းအုံးအောက်တွင် ပြန်၍ သွင်းထား ပြီးလျှင် မောင်သာစု၏အကြောင်းကို များစွာစဉ်းစားလျက် တဲထဲမှ ထွက်၍လာခဲ့လေ၏။ အတန်ကြာသောအခါ မောင်သာစု ရောက်လာ လေရာ၊ ၎င်းကို တော်ရာမှ စီးစောင်းကြည့်ရှုလေလျှင် မောင်သာစုသည် အညာသားမဟုတ်။ လူသွေးလူရည် ချောညက်သိမ်မွေ့သူတစ်ပေါက်

mgyoe.com

mgyoe.com


ဖြစ်ကြောင်းကို တွေ့ရှိရလေ၏။

ဤသူသည် အဘယ်သို့သော သူပေနည်း။ အဘယ်အတွက် သည်ကိုရောက်၍ သည်အလုပ်ကို လုပ်ရပါသနည်း။ အဘယ်သို့သော အကြံရှိပါသနည်း။ လူကောင်းလား၊ လူဆိုးလား၊ ဝရမ်းပြေးလား၊ စားပြလားသို့တည်းမဟုတ် သနားစရာအကြောင်းတစ်ခု ဖြစ်ရှာသည့်အတွက် ယခုလိုနေရလေသလား။ သို့တည်းမဟုတ် သူပြောတဲ့အတိုင်း အညာသား ကူလီအညာသားဖြစ်ရင်လည်း သည်အင်္ဂလိပ်စာအုပ်ကို မဖတ်နိုင်ရာ။ ငါလည်း အင်္ဂလိပ်စာ ခုနစ်တန်း ရောက်ဖူးသည်။ သည်စာကို နားမလည်ချေ။ အတော်ပင် ခက်တဲ့စာ ဖြစ်ပေသည်။ သို့တည်းမဟုတ်၊ အညာသားသည် ရှူးပေါပေါဟာ သည်စာအုပ်ကို ကောက်ခါငင်ခါရသဖြင့်၊ စာလုံးတွေကို အင်းဆံမှတ်လို့ များကြည့်ပြီးနေသလား စသည်ဖြင့် စဉ်းစားကာနေလေ၏။

မောင်သာစုသည် အလုပ်ကိုမှန်မှန်လုပ်လျက် မိမိ၏ကိုယ်ကိုလည်း သပ်သပ်ရပ်ရပ်ပြုလုပ်နေထိုင်စပြုလေရာ၊ ခင်သန်းနှင့်အိမ်သားအပေါင်းတို့သည် ၎င်း၏သားနားပုံကို တစ်စစသိမြင်ကြလေ၏။ ခင်သန်းက မိမိတွေ့ရသောအကြောင်းကို ပြောပြသောအခါများစွာပင် အံ့သြကြလေ၏။

တစ်နေ့သ၌ မွန်းလွဲအချိန်ခင်သန်းသည် အိမ်ရှေ့ဝရန်တာတွင် ကြိမ်ကုလားထိုင်ပေါ်၌ထိုင်လျက် ခြံထဲကိုကြည့်၍နေလေရာ သပ်သပ်ရပ်ရပ်ဝတ်စားကာ လျှောက်၍လာသော လူတစ်ယောက်ကိုမြင်ရလျက် ကြည့်၍ကောင်းသဖြင့် ငေးစိုက်ကာကြည့်၍နေလေရာ အိမ်အနီးသို့ရောက်၍လာကာမှ မောင်ဘိုးသာဖြစ်ကြောင်းကိုသိရလျက် အံ့သြ၍နေလေ၏။

■

mgyoe.com

mgyoe.com

# အခန်း (၆)

တစ်နေ့သ၌ ထိုဥယျာဉ်ကြီးထဲသို့ ဧည့်သည်များ ရောက်၍ လာကြလေ၏။ ထိုဧည့်သည်များထဲတွင် တင်မေကြီးလည်း ပါ၍ လာလေ၏။ မောင်သာစုသည် ၎င်းတို့လာရောက်လည်ပတ်သည်ကို မသိချေ။

ခင်သန်းက တင်မေကြီးအား မိမိတို့ခြံ၌ လူဆန်းတစ်ယောက် ရောက်၍နေကြောင်း ပြောပြ၏။ တင်မေကြီးသည် ထိုထူးဆန်းသော သူကို တွေ့လိုသဖြင့် တဲအနီးသို့ ရောက်၍လာလေရာ မောင်ဘိုးသာ ကို မတွေ့ရသဖြင့် စီးစောင်းလိုက်လံကြည့်ရှုလေရာ တစ်ခုသော ခြံထောင့်၌ ပန်းပင်တစ်ပင်ကို ပြုပြင်၍ နေသည်နှင့် ကြုံကြိုက် တွေ့ရှိ ရလေ၏။

တင်မေကြီးသည် ၎င်းကိုမြင်လျှင်မြင်ချင်း အမှတ်မရသဖြင့် အပါးသို့မယောင်မလည် ပန်းပင်များကြည့်ရင်းလိုလို ကပ်လာ ပြီးနောက် "သြော် . . . ဗမာ–မာလီပါကလား"ဟု ပြောလေ၏။

mgyoe.com

mgyoe.com


မောင်ဘိုးသာသည် မော်၍ကြည့်လိုက်သောအခါ မျက်နှာချင်းဆိုင် မိလျက် နှစ်ယောက်စလုံးတစ်ယောက်ကိုတစ်ယောက် မှတ်မိလေ၏။ တင်မေကြီးသည် အံ့ဩ၍နေလေ၏။ မောင်သာစုမှာ ထိတ်လန့်၍ သွားပြီးလျှင် စကားပြန်မပြောဘဲ ဟင်ဟု ပါးစပ်ကဆိုပြီး တော်ရာသို့ ရှောင်ကာ ပျောက်ကွယ်၍သွားလေ၏။

တင်မေကြီးသည် ထိုနေရာ၌ရပ်ကာ ကျန်ရစ်ခဲ့ရာတွင် မောင်သာစု အဘယ်အကြောင်းကြောင့် ဤနေရာသို့ရောက်ကာ ဤလို အလုပ်မျိုး ကို လုပ်နေသည်ကို တွေးတောရိပ်မိလေ၏။ အကြောင်းမူကား ဦးထွန်းသိန်းကို မည်သူသတ်သည့်အကြောင်းကို တစ်နေ့သ၌ ပေါ်ပေါက်အောင် စုံထောက်မည်ဟု စိတ်အကြံပြုသည်ကို သိရှိပြီး ဖြစ်လေသည်။

ထိုအခိုက်တွင် ခင်သန်းသည် အပေါ်သို့ရောက်၍လာလေ၏။ တင်မေကြီးသည် ပျာယီးပျာယာ "သည်လူဘယ်သူလဲဆိုတာ သိရဲ့လား၊ အရင်လူသတ်မှုမှာ ဖေဖေရုံးကလွှတ်ပစ်လိုက်တဲ့ ကိုသာစုရယ်လေ"ဟု အမှတ်တမဲ့သတိလစ်ကာ ပြောလိုက်လေ၏။ သို့ပြောလိုက်ပြီး သည်နှင့် တစ်ပြိုင်တည်း ငါပြောမိသည်မှာ မှားလေခြင်းဟု စိတ်ထဲတွင် အောက်မေ့လေ၏။ ခင်သန်းသည်ကား ထိုစကားကို ကြားရလျှင် ကြားရချင်း ထိတ်လန့်တကြား အိမ်သို့ပြေးပြီး ရှိသမျှလူတို့အား အကြောင်းကို ပြော၍ပြလေရာ လူတိုင်းစိတ်ဆိုးကြပြီးလျှင်၊ ဤလူ ဤနေရာသို့ အဘယ်နည်းနှင့် ရောက်ရသလဲ စသည်ဖြင့် ပြောဆိုကြ လေ၏။

ထိုနေ့၌ ခင်သန်း၏မောင် မောင်ဘလုံသည် ခြံထဲသို့ ဧည့်သည် များနှင့်အတူ ရောက်၍နေလေ၏။ မောင်ဘလုံမှာ အလွန်တရာ ကြွယ်ဝသော ဖခင်စစ်ကဲကြီး၏ သားဖြစ်လေရာ၊ ကျောင်းမှ ပညာကို

mgyoe.com

mgyoe.com


ဆယ်တန်းမျှ သင်ပြီးသည့်နောက် မိမိဘာသာ ရန်ကုန်မြို့တွင်း အပေါင်းအဖော်များနှင့် တစ်ကိုယ်တည်းနေထိုင်လျက် ကုန်သည် အလုပ်ကို ကြံစည်၍နေလေ၏။ နိုင်ငံခြားကုန်စည် အနည်းငယ်တို့ကို လည်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ရရှိလျက်။ (ဘလုံအင်ကိုး) ဟူသောစာတန်းကို ဆူးလေဘုရားလမ်း တိုက်ခန်းတစ်ခုၖ ဆွဲချိတ် ကာ အတော်နာမည်ပေါက်နေလေ၏။ ကော်မရှင် ကိုယ်စားလှယ် အလုပ်အပြင်၊ ပွဲစားအလုပ်များကိုလည်း ကြားညှပ်၍ လုပ်ကိုင် လေ၏။ သို့သော်လည်းမိမိ၏ အလုပ်ကြီးကျယ်သည်ထက် ပိုမို၍ ကြီးကျယ်ဟန် စကားပြောပြီးလျှင်၊ ဖခင်ထံမှ ငွေများကို မကြာခဏ စိုက်ထုတ်ရလေ၏။ ၎င်းသည် တင်မေကြီးကို တစ်နေ့သၖ ရဖို့ရန် ကြံစည်နေသူ ဖြစ်လေ၏။ တင်မေကြီး၏ဖခင်မှာ စစ်ကဲကြီးနှင့် အလွန်တရာ ချစ်ခင်သောကြောင့် တစ်ကြောင်း၊ မောင်ဘလုံသည် တစ်နေ့သၖ ကုန်သည်သူဌေးကြီးတစ်ယောက် ဧကန်ဖြစ်လိမ့်မည်ဟု ယုံကြည် ထင်မြင်ကြသောကြောင့်တစ်ကြောင်း တင်မေကြီးကိုယ်တိုင် ကလည်း မင်းကတော်ဟူသောနာမည်ထက် သူဌေးကတော်ဟူသော နာမည်ကို လိုလားသူဖြစ်သောကြောင့်တစ်ကြောင်း မောင်ဘလုံမှာ များစွာပင် အခွင့်သာ၍နေလေ၏။

၎င်းမောင်ဘလုံသည် ထိုအကြောင်းကို ကြားရသောအခါ သည်ကောင် အင်္ဂလိပ်စာအုပ်တွေဘာတွေကို ဖတ်တယ်ဆိုတာ သည် လိုကိုးဟု ပြောပြီး စစ်ကဲကြီးအား အကြောင်းကို သွားရောက် ပြောပြရာ ၎င်းမောင်သာစုကို ချက်ချင်း ခြံထဲမှ နှင်၍ပစ်ရန် တိုက်တွန်း လေ၏။

ထိုနေ့ ညနေစောင်းအချိန်ၖ စစ်ကဲကြီးသည် မောင်သာစုကို ခေါ်လေ၏။ မောင်သာစုသည် စစ်ကဲကြီး၏ထံသို့ ရောက်သောအခါ

mgyoe.com

mgyoe.com


စစ်ကဲကြီး၏ရှေ့တွင် မတ်တတ်ရပ်လျက်နေလေ၏။

စစ်ကဲကြီး။ ။ "မောင်ရင်ဟာ ပညာအရည်အချင်းနဲ့ ပြည့်စုံသူတစ်ယောက်ဖြစ်ပါတယ်၊ ဘယ်အတွက် သည်လောက် အောက်ကျနောက်ကျ အလုပ်ကို လုပ်ရသလဲ။ မောင်ရင့်ကို ဦးကြီးတို့ ယခုလိုအလုပ်ကြမ်းမှာ မခိုင်းရက်ပါဘူး၊ မောင်ရင့်အပေါ်မှာ ဦးက ပြောစရာတစ်စုံတစ်ခုရှိလို့ မဟုတ်။ အားလုံး သည်မှာရှိတဲ့လူများက မောင်ရင်သည်မှာနေတာကို သဘောမကျကြဘူး၊ သည်တော့ မောင်ရင့်လခကိုဦး အပြည့်ပဲပေးလိုက်မယ်။ ကျန်တဲ့ရက်များအတွက် ကိစ္စမရှိပါဘူး။ တခြားမှာ အလုပ်အကိုင်ကလေးများ ရှာကြံပါ။ အလုပ်ရပါလိမ့်မယ်" ဟု ပြောလေ၏။

သာခု။ ။ "ကျွန်တော်ဘာအပြစ်မှမရှိပါဘူး၊ သို့သော်လည်း ဦးက မနေစေချင်ရင်လည်း သွားရတာပေါ့"ဟု ပြောပြီး ငွေများကိုယူလျက်၊ ထွက်လာခဲ့လေ၏။ စစ်ကဲကြီးလည်း အိမ်ပေါ်သို့ ပြန်တက်၍သွားလေ၏။

ထိုအခိုက်တွင် တင်မေကြီးသည် မောင်သာခု၏ အပါးသို့ရောက်လာပြီး "ရှင်အခု ကျွန်မအတွက် သည်နေရာက ထွက်သွားရတာပါ။ ကျွန်မ အင်မတန်ဝမ်းနည်းတာပါပဲ။ မတော်တဆ သတိလစ်ပြီး ပြောလိုက်မိတာပါ။ သည်လိုဖြစ်မယ်လို့ ကြိုတင်ပြီးသိရင်ပြောမိမှာမဟုတ်ပါဘူး။ သည်အတွက် ကျွန်မကို အပြစ်မထားပါနဲ့ရှင်၊ ရှင်သွားရာနေရာမှာ နေရာကျပါစေ၊ ရှင်ကြံတဲ့အကြံ အောင်ပါစေဆိုတာကို ကျွန်မ အမြဲဆုတောင်းပါမယ်"ဟု ပြောလေ၏။

မောင်သာခုသည် ထိုစကားကိုကြားရသောအခါ တင်မေကြီး၏မျက်နှာကို မော်၍မကြည့်ဘဲ ခေါင်းငုံ့ကာ "ကျွန်တော့်ကုသိုလ်ကံပါခင်ဗျာ၊ ဘယ်သူ့ကိုမှ အပြစ်တင်စရာမရှိပါဘူး၊ ကျွန်တော့်အပေါ်မှာ

mgyoe.com

mgyoe.com


သည်လို ကြင်ကြင်နာနာသဘောထားသည့်အတွက် ကျေးဇူးတင်လို့ မဆုံးနိုင်အောင် ရှိပါတယ်၊ ကျွန်တော်သွားပါတော့မယ်ခင်ဗျာ" ဟု ပြောပြီး ထွက်လာခဲ့လေ၏။ တင်မေကြီးသည် ၎င်းကို ရပ်ကာကြည့်၍ နေပြီးနောက် လေးလံသောခြေလှမ်း၊ မသာယာသောမျက်နှာနှင့် အိမ်ပေါ်သို့ ပြန်တက်၍သွားလေ၏။

မောင်သာခုသည် ထိုနေ့ညဥ့် ဖရေဇာလမ်းစာအုပ်ဆိုင်သို့ သွားရောက်လေရာ ဆိုင်ရှင်က "အလို မောင်ရင်ရောက်လာမှကိုး၊ ဘယ့်နှယ်လဲ၊ အလုပ်အကိုင်များ အပေါက်အလမ်းတည့်ပါစ"။

သာခု။ ။ "အပေါက်အလမ်းတော့ မတည့်ခဲ့ဘူး"။

ဆိုင်ရှင်ဦးသာဇံ။ ။ "နို့ အခု မင်းဘယ်ကိုသွားမလဲ"။

သာခု။ ။ "မပြောတတ်သေးဘူး ဦးရဲ့၊ သည်လို ကြံရ စည်ရ မှာပဲ၊ တည်းစရာခိုစရာနေရာတောင် မရှိဘူး"။

ဦးသာဇံ။ ။ "ငါ့ဆိုင်မှာ အပေါ်ကအထပ်ကလေးတစ်ခုတော့ ရှိတယ်။ လူမနေတာနှစ်ပေါင်းအတော်ကြာရော့မယ်။ ဖုန်များလည်း ဒူးဆစ်ခိုက်လိမ့်မလားမသိဘူး။ အဲဒီကအခန်းမှာ နေချင်ရင် မင်းနေ တော့။ ဟဲ့ မိသော့ အပေါ်ကအခန်းမှာ သည်သူငယ်ကို ကွက်စာ ကျွေးရအောင် ဖုန်များကို လိုက်လှဲပစ်ရလိမ့်မယ်ဟေ့"

သာခု။ ။ "ကျေးဇူးပေါ့ခင်ဗျာ"။

ဦးသာဇံ။ ။ "ဘာပြောတယ်၊ လောကမှာ ကျေးဇူးနဲ့ ထမင်း မစားဘူး"။

သာခု။ ။ "ကျွန်တော် အလကားမနေပါဘူးခင်ဗျာ"။

ဦးသာဇံ။ ။ "မင်းကို အလကား ကုသိုလ်ဖြစ်ထားမယ်လို့ ဘယ်သူပြောသလဲ။ သည်ဆိုင်ဟာ သာလာယံဇရပ်မဟုတ်ဘူး။ မောင်ကျော်သားမို့ နေဖို့ခေါ်တာ။ အလကားနေဖို့ ခေါ်တာမဟုတ်ဘူး"။

mgyoe.com